ကတညုတာ စေတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်သစ်အမျိုးသားနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၁၄

၂၀၀၄ ခုနှစ် ဇူလိုင် ၁၄ ရက်၌ ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပြင်သစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျက် ရှီရပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံအတွင်းဒေသအသီးသီးတစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်၊ နယ်စပ်မြို့များ မြို့ပြများကဲ့သို့ဖွံ့ဖြိုးစည်ပင် တိုင်းရင်းသားအချင်းချင်းအပြန်အလှန်ရင်းနှီးနားလည်မှုပိုမို၊ ပြည်ထောင်စုစိတ်ဓာတ်များတိုးပွား ခေတ်မီတိုးတက်သည့်နိုင်ငံအဖြစ်တက်လှမ်းနိုင်ရေး အရှိန်အဟုန်မပျက်နိုင်ငံတော်ကိုဆက်လက်တည်ဆောက်

ရန်ကုန် ဇူလိုင် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇူလိုင်၅ ရက် နံနက် ၆ နာရီတွင် ကွတ်ခိုင်မြို့နယ်မြေခံတပ်ရင်း သူရအေးချိန်းမ၌ ကွတ်ခိုင်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြား နှုတ်ဆက်သည်။ စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကွတ်ခိုင်မြို့ နယ်မြေခံတပ်ရင်း သူရအေးချိန်းမတွင် ကွတ်ခိုင်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်နှင့် မိသားစုများကို တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကွတ်ခိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများ၊ ဆရာ ဆရာမများအတွက် ဝတ်စုံများ၊ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

14-7 (01).p65 1 03/24/1905, 7:42 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

ပြည်ထောင်စုကြီး၏ စည်းလုံးညီညွတ်မှု အနှစ်သာရ ပီပြင်စွာ ဖော်ညွှန်းပြသနိုင်ရေး စီမံဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးစု ၁၀၀ကျော် မှီတင်းနေထိုင်လျက်ရှိကြသည်။ ဤကဲ့သို့ လူမျိုးစုများစွာ မှီတင်းနေထိုင်ကြသော်လည်း သမိုင်းအစဉ်အဆက် တစ်စုတစ်စည်းတည်း ချစ်ချစ်ခင်ခင် အတူတကွ နေထိုင်ခဲ့ကြခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ထူးခြားသော ဝိသေသတစ်ရပ်ပင် ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း သမိုင်းအစဉ်အဆက် မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထင်ရှားပေါ်လွင်စွာ တစ်စုတစ်စည်းတည်း လေ့လာနိုင်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုကိန်းအောင်း ခိုင်မာလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုဖြစ်ထွန်းလာစေရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ပြည်ထောင်စု တိုင်းရင်းသားကျေးရွာကို ၂၀၀၂ခုနှစ် ဒီဇင်ဘာလ ၂၈ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၁၀ ရက်နေ့ နံနက် ပိုင်းက သာကေတမြို့နယ် ရန်ကုန်-သန်လျင်တံတားအနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းမှာကြားရာ၌-

"ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ ပရဝဏ်အတွင်း ဝင်ရောက်မိသည်နှင့်တစ်ပြိုင်နက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး မိမိတို့ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရင်း တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပေါင်းစည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုကြီးဖြစ်သည်ဟု သိမြင်ခံစား သဘောပေါက်သွားစေရအောင်နှင့် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်း ရောက်ရှိလာသော တိုင်းရင်းသား ပြည်သူများအားလုံး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်တို့ အလိုအလျောက် ပေါက်ဖွားလာပြီး ပိုမိုသိမြင်ခံစား တိုးပွားလာစေရအောင် စီမံဆောင်ရွက်ရန်ဖြစ်ကြောင်း"

ပြောကြားခဲ့သည်။

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်း တိုင်းရင်းသားရိုးရာဓလေ့များ ပိုမိုပြည့်စုံစွာ ဖြည့်စွက်ထားရှိနိုင်ရေးအတွက် တိုင်းရင်းသားရိုးရာအိမ်များအလိုက် ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများ စုဆောင်းထားရှိသည်။ ကျေးရွာအတွင်း စိမ်းလန်းစိုပြည်ရေး၊ စိတ်ချမ်းမြေ့ကြည်နူးစွာ အပန်းဖြေအနားယူနိုင်ရေးအတွက် အရိပ်ရပင်များ၊ နှစ်ရှည်ပင်များနှင့် သီးပင်စားပင်များ၊ ပန်းအလှပင်များ တစ်အုပ်တစ်မ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ကျေးရွာကို အပိုင်းအလိုက် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ မူလသဘာဝသစ်တော၊ သဘာဝလူနေမှုပုံစံ ဖြစ်ပေါ်လာစေရေးအတွက် အဆောက်အအုံများ တည်ဆောက်ရေး၊ စိုက်ပျိုးရေးနှင့် လေ့ကျင့်ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသည်။ သစ်တောမိတ်ဆွေအသင်းနှင့်ပူးပေါင်း၍ လမုတောဓ သဘာဝဂေဟစနစ် ဖြစ်ထွန်းတည်တံ့ရေး တည်ဆောက်လျက်ရှိသည်။

ရှမ်းတိုင်းရင်းသား ရိုးရာနေအိမ်အနီးရှိ အင်းလေးကန်နှင့် ကယားတိုင်းရင်းသား ရိုးရာနေအိမ်အနီးရှိ ငွေတောင်ဆည်တို့၌ ငွေငန်းများမွေးမြူထားရှိပြီး ကျေးငှက်များ လာရောက်ပျော်ပါးကြစေရေး ဆောင်ရွက်ထားရှိသည်။ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာကြီးတစ်ခုလုံးကို သဘာဝပတ်ဝန်းကျင်အတွင်း ဖြစ်တည်နေသည့် အသွင်အပြင်အနေအထားမျိုးဖြစ်စေရေး ဖန်တီးတည်ဆောက်နေသည့်အပြင် တိုင်းရင်းသားကျေးရွာအဝင်၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့် မုခ်ဦးတည်ဆောက်သွားမည်ဟု သိရသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတစ်ခွင်လုံး စိမ်းလန်းစိုပြည် သာယာလှပပြီး သစ်ပင်ပန်းမန်တို့ ဝေဆာပွင့်ဖူးနေမှုနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် သဘာဝပတ်ဝန်းကျင် မပျက်မယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်မှုကို သိမြင်ခံစားသွားစေရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ပီပြင်စွာထင်ဟပ် ဖော်ညွှန်းပြသနိုင်သည့် နေရာဒေသတစ်ခုဖြစ်လာစေရန် စီမံဆောင်ရွက်နေခြင်း ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ ရှည်လျားခိုင်မာသည့် သမိုင်းစဉ်တစ်လျှောက် နှစ်ပေါင်းထောင်ချီပြီး ထူထောင်ဖြစ်တည်လာခဲ့သော ပြည်ထောင်စုကြီး၏စည်းလုံးညီညွတ်မှုအနှစ်သာရ၊ ကြံ့ခိုင်တောင့်တင်းခိုင်ကျည်မှုဂုဏ်ဒြပ်တို့ကို ပီပြင်စွာဖော်ညွှန်းပြသသွားနိုင်သည်နှင့်အမျှ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးကို ထောက်ကူဖော်ဆောင်သွားနိုင်မည်ဟု ယုံကြည်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၄-၇-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
- ၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -Land Forms, Earth Structure and Tectonic Processes (ပထမနှစ်၊ ပထဝီဝင်အထူးပြု)
- ၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၇။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"** (အပိုင်း-၅)
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ **"မဟာဂန္ဓာရုံမှ တစ်နေ့တာ"**
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားသောသမား"**(အပိုင်း-၂၀)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒဂုံမြို့သစ်(အရှေ့ပိုင်း) အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်း

စာသင်ခုံပေးအပ်လှူဒါန်း၊ ကျောင်းဝန်းကျင် အရိပ်ရသစ်ပင်စုပေါင်းစိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(နယ်မြေတာဝန်ခံ) အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့နံနက်၉နာရီက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၆)ရပ်ကွက် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၌ကျင်းပသော ကျောင်းစာသင်ခုံပေးအပ်လှူဒါန်းပွဲနှင့် ကျောင်းဝန်းကျင် အရိပ်ရသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီးက အမှာစကားပြောကြားပြီး ကျောင်းစာသင်ခုံ ၁၇ခုံအတွက် တန်ဖိုး ငွေကျပ်နှစ်သိန်းနှင့် ဗလာစာအုပ် ဒါဇင် ၄၀ကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လှူဒါန်းသော စာသင်ခုံအလုံး ၂၀ ကို မြို့တော်ဝန်ကိုယ်စား ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အသင်းအတွင်းရေးမှူးက ပေးအပ်လှူဒါန်းပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စုပေါင်းစိုက်ပျိုး

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်**(ဝဲပုံ)**နှင့် တက်ရောက်လာကြသူများက ကျောင်းဝန်းကျင်တွင် အရိပ်ရသစ်ပင်၃၀၀ကို စုပေါင်းစိုက်ပျိုးကြပြီး ဝန်ကြီးက လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးသည်။**(သတင်းစဉ်)**

မြန်မာ့အသေးစားချေးငွေလုပ်ငန်း

ရာဖြတ်ခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုမွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၏ ရာဖြတ်ခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုမွမ်းမံသင်တန်း အမှတ်စဉ် (၁)ဖွင့်ပွဲကို ဇူလိုင် ၁၂ရက်က ပန်းဆိုးတန်းလမ်းရှိ ရုံးချုပ်သင်တန်းခန်းမတွင် ပြုလုပ်ရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းညွန့်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။(အောက်ပုံ)

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြန်မာ့အသေးစား ချေးငွေလုပ်ငန်းမှ အထွေထွေမန်နေဂျာ၊ ဒုတိယ အထွေထွေ မန်နေဂျာ၊ အရာထမ်း အမှုထမ်းများနှင့် ပြည်နယ်နှင့်တိုင်း အသီးသီး ရုံးခွဲများမှ သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ် ကြာမြင့်မည် ဖြစ်သည်။ **(၂၅၉)**

❒ ကျောဖုံးမှ

အခမ်းအနားသို့နိုင်ငံတော်သြဝါဒါစရိယ လားရှိုးမြို့ မဟာဗောဓာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာရဒ အမှူးပြုသည့်ဆရာတော်များ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)ဉက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

တည်ထား ကိုးကွယ်ရေးအတွက် စတုတ္ထအကြိမ် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံနှင့်ဇနီး ဒေါ်အေးပြည့်ဝေခင် မိသားစုက ငွေကျပ်သုံးသိန်း၊ လားရှိုးမြို့မှ အလှူရှင်လေးဦးတို့က ငွေကျပ်သိန်း ၇၀၊ မူဆယ်မြို့မှ အလှူရှင် ၁၀ဦးတို့က ငွေကျပ် ၁၀၆ သိန်း၊ စိုစို ပြည်ပြည်အုတ်စက်ပိုင်ရှင် ဦးစိုင်းအေး ဇနီး ဒေါ်နန်းခမ်းမိုင် မိသားစုက အုတ်နှစ်သိန်းအတွက် ငွေကျပ်သိန်း ၆၀၊ ဦးကျော်မြင့်က ငွေကျပ်သိန်း ၆၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရဲတပ်ဖွဲ့က ငွေကျပ် ၂၅၀၀၀၀၊ လားရှိုးတပ်နယ်မိသားစုက ငွေကျပ် ၁၈၀၀၀၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဌာနဆိုင်ရာ မိသားစုများက ငွေကျပ် ၅၉၈၄၀၀၀၊ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပန်အုပ်ဆရာတော်က ငွေကျပ်တစ်သိန်းတို့ကို အတွင်းရေးမှူး(၁)နှင့် ဝန်ကြီးများထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ လားရှိုးမြို့ မန်ဆူဘုရားကြီး ကျောင်းတိုက်၌ တည်ဆောက်မည့် မြသိန်းတန် နှစ်ထပ်ဓမ္မာရုံဆောက်လုပ်ရေးအတွက် ပထမ လှမြင့်နှင့် Asia World Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်တို့က စေတီတော် တည်ထားရေးအတွက် ဘဏ္ဍာငွေ၊ အလှူငွေများရရှိမှု၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ပက်ဖျန်းပူဇော်

ထို့နောက် စေတီတော်ရင်ပြင်အင်္ဂါထောင့်၌ မဟာဗောဓိပင် စိုက်ပျိုးရေး ပူဇော်ပွဲကို ကျင်းပရာ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိပင်ကိုပူဇော်စိုက်ပျိုးပေးကြပြီး နံ့သာရည်များ ပက်ဖျန်းပူဇော်ပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကံ့ကော်ပင်များကို စေတီတော်ရင်ပြင်၌ စိုက်ပျိုးပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ဝိဇယဘူမိမဟာအောင်မြေ မင်္ဂလာကုန်းတော်ပြင်တွင် တည်ထားကိုးကွယ်မည့် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်တည်ဆောက်ရေး အလှူငွေများပေးအပ်ပွဲတွင် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ဝိဇယဘူမိမဟာအောင်မြေ မင်္ဂလာကုန်းတော်ပြင်တွင် တည်ထားကိုးကွယ်မည့် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်တည်ဆောက်ရေး အလှူငွေများပေးအပ်ပွဲတွင် စေတီတော်ရင်ပြင်ပေါ်၌ မဟာဗောဓိပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

အခမ်းအနားမစတင်မီ ပင့်ဖိတ်တော်မူထားသည့် ဆရာတော်များအား အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဖွင့်လှစ်

ထို့နောက် အခမ်းအနားမှူးလားရှိုးမြို့နယ်သာသနာရေးဦးစီး အရာရှိ ဦးစန်းမောင်က အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြပြီး နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော် သံဃာ့ဝန်ဆောင် လားရှိုးမြို့ ရန်အောင်မြင်ကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တာထံမှ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် အကြိမ် အလှူငွေများကို ပေးအပ်ကြရာ ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ ဇနီး ဒေါ်အေးပြည့်ဝေခင် မိသားစုက ငွေကျပ် သုံးသိန်း၊ Asia World Co., Ltd.က ငွေကျပ်သိန်း ၁၀၀၊ မူဆယ်မြို့နယ် စပ်ကုန်သည်ကြီးများအသင်းက ငွေကျပ်သိန်း ၃၀၊ မူဆယ်နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနနှင့် မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးတို့က ငွေကျပ်သုံးသိန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်ငါးသိန်းနှင့် ဦးမိုက်ကယ်ကြည်အောင် အင်ပါယာရောင်းဝယ်ရေးက ငွေကျပ်ငါးသိန်းတို့ကို တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများထံ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက်နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် လားရှိုးမြို့ မန်ဆူဘုရားကြီး ကျောင်းတိုက်ပဓာန နာယက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

အခမ်းအနားအပြီးတွင် စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်

မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်မြို့ ဗဟန်း နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်ကျောင်းတိုက်တွင် ဝါကပ်တော်မူကြမည့် ပဓာနနာယက (တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ) ယောဆရာတော်ကြီး အမှူးပြုသော စာချ၊ စာသင်၊ သံဃာတော်အရှင်မြတ် ၁၆၅ပါးနှင့် ပင့်သံဃာဆရာတော်ကြီးများအား (၃၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ၊ ဆွမ်းဆန်တော် လှူဒါန်းပွဲ၊ ၁၃၆၅ ခုနှစ် အစိုးရပထမပြန်စာမေးပွဲတွင် ဤကျောင်းတိုက်မှ ပထမကြီးတန်း ရန်ကုန်တိုင်း ဒုတိယဂုဏ်ထူးရ အရှင်ဝိဇ္ဇာနန္ဒာလင်္ကာရ၊ ပထမလတ်တန်း ရန်ကုန်တိုင်း ပထမဂုဏ်ထူးရ အရှင်ဇဝနာလင်္ကာရ၊ ဒုတိယဂုဏ်ထူးရ အရှင်ဇာနေယျာလင်္ကာရ၊ တတိယဂုဏ်ထူးရ အရှင်ဥက္ကဋ္ဌတို့နှင့် သာမဏေကျော်ဘွဲ့ရငါးပါး အပါအဝင် ကျောင်းတိုက်စာအောင် သာသနာ့အာဇာနည် အရှင်မြတ်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့် (ဇူလိုင်၃၁ရက်) စနေနေ့ နံနက် ၈ နာရီတွင်ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များအနေဖြင့် ဖိတ်စာရသည် ဖြစ်စေ မရသည်ဖြစ်စေ၊ ကြွရောက်ကြပါရန် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်းသိရသည်။

(က–ပ)

အမျိုးသားအားမာန် ချိန်တန်ပြီပြစို့လား

◆ ညောင်နှစ်ပင်
နောင်တွင်မည့်သမိုင်း
တိုင်းရင်းသားညီအစ်ကိုတို့
ကြိုဆိုညှိနှိုင်း။

◆ ရွှေညီလာ
စုံညီစွာရေးဆွဲ
မိနိုင်ငံ အနာဂတ်ရေးမို့
ဆွေးနွေးသည့်ပွဲ။

◆ အမျိုးသားညီလာခံ
ပြည်သာရန်အောင်ပွဲ
ကိုယ့်နိုင်ငံ ကိုယ့်အရေးမို့
ကြံတွေးဆင်နွှဲ။

◆ အမျိုးသားမာန်
ချိန်တန်ပြီပြစို့လား
မိနိုင်ငံ အသက်သွေးမို့
ဒို့လွတ်လပ်ရေးအတွက်
သွေးချင်းတို့ရေ လက်ချင်းဆက်ထား။

◆ ဒို့အောင်လံတော်
ကမ္ဘာကျော်အောင်လွှင့်ထား
ပြည်ထောင်စုညီနောင်များမို့
စဉ်မြဲလေးစား။

◆ ဒို့ရွှေမြန်မာ
ကမ္ဘာတည်အောင်ခိုင်မြဲ
မိမြန်မာ ရင်သွေးစစ်မို့
မျိုးချစ်အောင်ပွဲ။

◆ ဒို့သွေးချင်းတွေ
မေတ္တာဝေနှောင်ဖွဲ့
စေတနာဝေဖြာ
မြတ်သစ္စာရင်မှာပိုက်ပါလို့
နှစ်ခြိုက်စွာ ပြဟ္မစိုရ်တရားကို
သွေးချင်းတို့ရေ ပွားများလာခဲ့။ ။

(အမျိုးသားညီလာခံကြီးကိုဂုဏ်ပြုလျက်)

တက္ကသိုလ်နွဲ့နှောင်း

ဆာမာရာအနီး၌ အမေရိကန်တပ်ဖွဲ့ ပစ်ခတ်တိုက်ခိုက်ခံရ တပ်ဖွဲ့ဝင်သုံးဦးသေဆုံး၊ လေးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၁၁

ဆာမာရာမြို့အနီးတွင် ခုခံတိုက်ခိုက်ရေးသမားများက တနင်္ဂနွေနေ့၌ ပစ်ခတ်တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးခဲ့ရာတွင် လမ်းဘေး ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ကြာသပတေးနေ့ကလည်း ဆာမာရာမြို့တွင် ခုခံတိုက်ခိုက်ရေးသမားများက စစ်စခန်းတစ်ခုကို လေးနာရီကြာမျှ စိန်ပြောင်းကျည် ၃၈ လုံးထက်မနည်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးနှင့် အီရတ်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့သည်။

သေဆုံး

တနင်္ဂနွေနေ့က တိုက်ခိုက်မှုတွင်ဂျော်ဒန်နိုင်ငံသား တိုက်ခိုက်ရေးသမား အဘူမူဆက်အယ်လ်ဇာကာ၌ တာဝန်မကင်းကြောင်းဟု ဆိုသည်။ တနင်္ဂနွေနေ့ညက ထုတ်ပြန်သော စစ်ဘက်ကြေညာချက်တွင် ဆာမာရာအနီး၌ သေဆုံးသူ တပ်ဖွဲ့ဝင်နှစ်ဦးအပြင် သုံးဦးဒဏ်ရာရကြောင်း ဖော်ပြထားသည်။

တိုက်ခိုက်

ဒီဇင်ဘာလထဲ၌ ဆာမာရာမြို့တွင် ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်တပ်ဖွဲ့ဝင်များအား ပထမဆုံးအကြိမ် အကြီးအကျယ် တိုက်ခိုက်ခဲ့သော်လည်း ထိုဆာမာရာမြို့သည် မကြာသေးသောလများအတွင်း၌ တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။

အဆိုပါ တနင်္ဂနွေနေ့ညအစောပိုင်း၌ ဘေဂျီမြို့အနီးတွင် စစ်ယာဉ်တန်း ဖြတ်စဉ်လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေပြီး အခြားတစ်ဦးဒဏ်ရာရခဲ့သည်ဟု အမေရိကန်စစ်ဘက်ဆိုင်ရာက ကြေညာခဲ့သည်။

(အင်တာနက်)



ဘဂ္ဂဒက်မြို့ဆာဒါစီးတီးအရပ်တွင် အယ်လ်ဆာဒါအား ထောက်ခံကြောင်းကြွေးကြော်ကာ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသော အီရတ်ပြောက်ကျားများကိုဇူလိုင်၁၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇူလိုင် ၁၂ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၈၇၆ ဦး ရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၁၃

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ခုနှစ် မတ်လထဲ၌ စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။

သေဆုံး

၂၀၀၄ ခုနှစ် ဇူလိုင် ၁၂ရက် တနင်္လာနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၇၆ ဦးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၆၅၁ ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၂၅ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။

ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၇၃၈ဦး ဖြစ်ပြီး ယင်းအနက် ၅၄၂ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၁၉၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။(အင်တာနက်)

အီရတ်မြောက်ပိုင်းဓာတ်အားစက်ရုံသို့ ဓာတ်ငွေ့ပို့သည့် ပိုက်လိုင်းဖျက်ဆီးခံရ

ကယ်ကွတ် ဇူလိုင် ၁၁

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ဓာတ်အားပေးစက်ရုံတစ်ရုံသို့ ဓာတ်ငွေ့ပေးပို့သော သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်လိုင်းကို ဖောက်ခွဲဖျက်ဆီးသူများက စနေနေ့၌တိုက်ခိုက်ခဲ့ကြသည်ဟု နော့သ်ရေနံကုမ္ပဏီအရာရှိ တစ်ဦးကပြောကြားသည်။ ဖောက်ခွဲဖျက်ဆီးသူများသည် ကယ်ကွတ်အနောက်ဘက် ၅၅မိုင်ခန့်ရှိ ဆာဖရာဒေသတွင် ဓာတ်ငွေ့ပိုက်လိုင်းအနီး၌ ဗုံးတစ်လုံးထောင်ထားခဲ့ကြသည်ဟု သိရသည်။

ဖောက်ခွဲဖျက်ဆီး

အဆိုပါဓာတ်ငွေ့ပိုက်လိုင်းသည် ဘေဂျီရှိ ဓာတ်အားစက်ရုံသို့ ကယ်ကွတ်မှနေ၍ ဓာတ်ငွေ့များပေးပို့နေသော ပိုက်လိုင်းဖြစ်ကြောင်း အဆိုပါအရာရှိက ပြောကြားသည်။ ယင်းသို့ဓာတ်ငွေ့ပိုက်လိုင်း ဖောက်ခွဲဖျက်ဆီးခံရသဖြင့် အီရတ်မြောက်ပိုင်းတွင် ဓာတ်အားပေးမှု ထိခိုက်စရာရှိသော်လည်း မည်မျှထိခိုက်မည်ကို ချက်ချင်းမသိရဟုဆိုသည်။ လွန်ခဲ့သည့် စနေနေ့၌ ဖောက်ခွဲ ဖျက်ဆီးသူများ သို့မဟုတ် မှောင်ခိုများ လက်ချက်ဖြင့်ပျက်စီးခဲ့ရသော အီရတ်တောင်ပိုင်းရှိ အဓိကရေနံ တင်ပို့ရေး ပိုက်လိုင်းလုပ်ငန်းပြန်လည်ပတ်ခဲ့ပြီး နောက်ရက်ပိုင်းအတွင်း တိုက်ခိုက်ခံရခြင်း ဖြစ်သည်။

ပစ်မှတ်ထား

ယင်းရေနံပိုက်လိုင်း တိုက်ခိုက်ခံရမှုကြောင့် အီရတ်တောင်ပိုင်းမှ တင်ပို့ပေးသော ရေနံစည်တစ်နေ့ ၈၆၀၀၀၀ခန့်လျော့ခဲ့ကြောင်း ရေနံအရာရှိများက ပြောကြားသည်။ အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများသည် နိုင်ငံ၏ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့အခြေခံ အဆောက်အအုံများကို မကြာခဏပစ်မှတ်ထားခဲ့ကြသည်။

(အင်တာနက်)

ဖမ်းဆီးထားသော ဖိလစ်ပိုင်ဓားစာခံ အသက်ရှင်နေဆဲ

ဘဂ္ဂဒက် ဇူလိုင် ၁၂

အီရတ်၌ ဖမ်းဆီးခံထားရသော ဖိလစ်ပိုင်ဓားစာခံသည် အသက်ရှင်နေဆဲဖြစ်ကြောင်း၊ သူ့အားပြန်ပေးဆွဲထားသူများက သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားသည့် နောက်ဆုံးသတ်မှတ်ရက်ကို နှစ်ရက်တိုးပေးလိုက်ကြောင်း ဖိလစ်ပိုင်အဆင့်မြင့် သံတမန်တစ်ဦးက လွန်ခဲ့သည့်ညက ပြောကြားလိုက်သည်။

ယခုအခါ အဆိုပါ ဓားစာခံအသက်ရှင်နေကြောင်းကိုသာ မိမိအများဆုံး ပြောနိုင်ကြောင်း၊ နောက်ဆုံးသတ်မှတ်ရက်ကို နှစ်ရက်တိုးထားကြောင်း ၎င်းသံတမန်က ပြောဆိုသည်။

ဖိလစ်ပိုင်စေ့စပ်ဆွေးနွေးသူများသည် ဓားစာခံဒီလာခရုဇ်လွတ်မြောက်ရေးအတွက် ကြားခံစေ့စပ်သူများက တစ်ဆင့် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ဘဂ္ဂဒက်ရှိ သံတမန်တစ်ဦးက ပြောကြားသည်။

အခြားဓားစာခံများဖြစ်သည့် ဘူလ်ဂေးရီးယား ယာဉ်မောင်းဓားစာခံနှစ်ဦးအား ပေးထားသော နောက်ဆုံးရက်သည် တနင်္ဂနွေနေ့ နံနက်ပိုင်းက ကုန်ဆုံးသွားပြီဖြစ်သည်။

ထိုသို့ဆိုသော်လည်း ၎င်းတို့နှစ်ဦး အသက်ရှင်လျက်ရှိကြောင်း အတည်မပြုနိုင်သည့် သတင်းမိမိရရှိထားကြောင်း ဘူလ်ဂေးရီးယားနိုင်ငံခြားရေးဝန်ကြီး ဆိုလိုမွန်ပါဆီက ယမန်နေ့က ပြောကြားသည်။တနင်္ဂနွေနေ့က ပြုလုပ်သည့် သတင်းစာရှင်းပွဲတွင် ဓားစာခံများ အတွက် ဖမ်းဆီးထားသူများအား မိမိမေတ္တာရပ်ခံထားကြောင်း ပြောဆိုခဲ့သည်။ **(အင်တာနက်)**

ယာဉ်မီးလောင်

ဘဂ္ဂဒက်မြို့တွင် အီရတ်ပြောက်ကျားတို့ တိုက်ခိုက်ခံရမှုကြောင့်အမေရိကန်အရပ်ဘက်ကုမ္ပဏီမှ မော်တော်ယာဉ်တစ်စီးမီးလောင်နေသည်ကို ဇူလိုင် ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကုလအထူးသံတမန် ဒီမဲလိုးအား အသေခံကားဗုံးခွဲခဲ့သူမှာ ထရပ်ကားမောင်းသမား အီဂျစ်လူမျိုးတစ်ဦးဖြစ်ဟုဆို

ဘဂ္ဂဒက် ဇူလိုင် ၁၀

လွန်ခဲ့သည့်နှစ် ဩဂုတ်လတွင် ကုလသမဂ္ဂအထူးသံတမန် ဆာဂျီယိုဗီရာယာဒီမဲလိုးနှင့် အခြား ၂၁ဦးအား သေဆုံးစေခဲ့သော ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုတွင် ဖောက်ခွဲရေးပစ္စည်းများအားလော်ရီကားဖြင့်အပြည့်တင်ကာ ကုလသမဂ္ဂဝင်းအတွင်းသို့ ကားကို မောင်းဝင်ပြီး အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်သူမှာအီဂျစ်လူမျိုးတိုက်ခိုက် ရေးသမားတစ်ဦးဖြစ်သည်ဟု ဂါဒီယန်သတင်းစာက ရရှိသောဗီဒီယိုတိပ်ခွေ အရသိရသည်။

အဆိုပါ တိပ်ခွေက ကားဗုံးအား အသေခံဖောက်ခွဲတိုက်ခိုက်သူမှာအီဂျစ်လူမျိုး အဘူဖာရီဒါအယ်လ်မာဆရီဖြစ်ကြောင်းနှင့် ၎င်းသည် တစ်ချိန်က အီတလီ ထိပ်တန်းဟော့ကီကလပ်အသင်းတွင် ကစားခဲ့ဖူးသူဖြစ်ကြောင်း ပြောကြားသည်။

ပြောကြား

အဘူဖာရီဒါက သူ၏မိတ်ဆွေအပေါင်းအသင်းများအား မကြာမီ တစ်ဦးတစ်ယောက်ကို သူသတ်ဖြတ်ခွင့်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

အဘူဖာရီဒါသည် သူပြောကြားခဲ့သည့်အတိုင်းပင် ဖောက်ခွဲရေးပစ္စည်းတန်များစွာပါသော လော်ရီကားကို ကုလသမဂ္ဂဝင်းအတွင်းသို့ မောင်းဝင်ကာ ဖောက်ခွဲခဲ့ခြင်းဖြင့် မစ္စတာဒီမဲလိုးကို သေဆုံးစေခဲ့သည်။

ပစ်မှတ်ဖြစ်

ကုလသမဂ္ဂ အဆောက်အအုံ၌ ကိုယ်စားလှယ်များ အပြည့်ရှိသော်လည်း မစ္စတာဒီမဲလိုးသည်ကုလသမဂ္ဂ ထိပ်တန်း သံတမန်ဖြစ်ခြင်းကြောင့် အထူးပစ်မှတ်ဖြစ်ခဲ့သည်။

(အင်တာနက်)

ရုပ်ရှင်ပြသမှုဆိုင်ရာသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်အမှာစကားပြောကြား၊ ဆုများချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ ရုပ်ရှင်လုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် ရုပ်ရှင်ပြသမှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၀၄)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဇာတ်လမ်းရုပ်ရှင်ရုံးခွဲ အသံခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများ ချီးမြှင့်သည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ရုပ်ရှင်အတတ်ပညာရှင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းထူးချွန်ဆုများ ရရှိကြသည့် ပထမဆုရ မကွေးမော်ကွန်းရုပ်ရှင်ပြသမှုဌာနစုမှ စက်မှုကျွမ်းကျင်(၄) ဦးညွန့်ဝင်း၊ ဒုတိယဆုရ မြန်မာ့ရုပ်ရှင်လုပ်ငန်းရုံးချုပ်မှ အငယ်တန်းစာရေး ဦးအေးမင်းလတ်နှင့် တတိယဆုရ စစ်ကိုင်းမော်ကွန်း ရုပ်ရှင်ပြသမှုဌာနစုမှ ယာဉ်စက်မောင်း(၅) ဦးလွှမ်းကျော်သူတို့အား ဆုများချီးမြှင့်သည်။

သင်တန်းဆင်းလက်မှတ်ပေး

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင် စက်မှုကျွမ်းကျင်(၄)ဦးတင်လှအား သင်တန်းဆင်းလက်မှတ် ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသိန်းစိန်က သင်တန်းနည်းပြဆရာများကိုယ်စား ဌာနခွဲမှူး(စက်မှု)(အငြိမ်းစား)အကယ်ဒမီ ဦးမြင့်ခိုင်အား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါရုပ်ရှင်ပြသမှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၀၄)ကို ဇွန် ၇ ရက်မှစတင်၍ ရက်သတ္တ ငါးပတ်ကြာဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ မြန်မာ့ရုပ်ရှင်လုပ်ငန်းရုံးချုပ်နှင့် ရုံးခွဲအသီးသီးမှ ဝန်ထမ်း ၂၅ဦး တက်ရောက်အောင်မြင်ခဲ့ကြသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော ရုပ်ရှင်ပြသမှု ဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၀၄)သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဆေးဝါးကုသမှုခံကိုယ်စားလှယ်များအားကြည့်ရှုအားပေး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများပေးအပ်

ရန်ကုန် ဇူလိုင် ၁၃

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်သည် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စီမံခန့်ခွဲမှုကော်မတီမှတာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်း ဒဂုံမြို့နယ်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)နှင့် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)တို့၌ ဆေးဝါးကုသမှုခံယူနေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား သွားရောက်ကြည့်ရှု၍ ကျန်းမာရေးအခြေအနေများမေးမြန်းကာ အားပေးစကားပြောကြားပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ကျန်းမာရေး ထောက်ပံ့ငွေများကို ပေးအပ်သည်။

ကြိုဆို

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံခုတင်(၅၀၀)သို့ ရောက်ရှိကြရာ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီအတွင်းရေးမှူး ကာကွယ်ရေး ဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်မောင်၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၅၀၀)တပ်မှူး ဗိုလ်မှူးချုပ်မင်းနိုင်နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် ဆေးဝါးကုသမှုခံယူနေသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးစောသန်းအောင်အား တွေ့ဆုံ၍ ကျန်းမာရေး အခြေအနေမေးမြန်းကာ အားပေးစကားပြောကြားပြီး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ကျန်းမာရေး ထောက်ပံ့ငွေကိုပေးအပ်သည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)သို့ရောက်ရှိကြရာ တပ်မတော်ဆေးရုံကြီး တပ်မှူး ဗိုလ်မှူးချုပ်သန်းစိန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)ညှော်ခန်းမ၌အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်မှ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ကျန်းမာရေးဆပ်ကော်မတီသို့ လှူဒါန်းသည့်ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေး ဆပ်ကော်မတီအတွင်းရေးမှူး ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်မောင်က လက်ခံသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ဆေးဝါးကုသမှုခံယူနေကြသော အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးအောင်ခမ်းထီ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ဦးမုန်ပေါ်၊ ဒေါက်တာတင့်ဝေ၊ ဦးသန်းထိုက်နှင့် ဦးမောင်မောင်ဦး၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးမန်းတင်မောင်တို့အားတွေ့ဆုံ၍ ကျန်းမာရေး အခြေအနေများ မေးမြန်းကာ အားပေးစကားပြောကြားပြီး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ကျန်းမာရေး ထောက်ပံ့ငွေများကို ပေးအပ်သည်။ **(သတင်းစဉ်)**

ထောက်ပံ့ငွေ ပေးအပ်

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တပ်မတော် ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ဆေးဝါးကုသမှုခံယူနေသော အမျိုးသားညီလာခံကိုယ်စားလှယ်၏ ကျန်းမာရေးအခြေအနေကို သွားရောက် ကြည့်ရှုအားပေးစကားပြောကြားပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

အင်တာနက်သုံးစွဲသူများသို့ အသိပေးကြေညာချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၁၃

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက် သုံးစွဲသူများ၏ ကွန်ပျူတာများတွင် လက်ရှိ အသုံးပြုလျက်ရှိသော Proxy Server Address (203. 81. 65.23) ကို ၁၅-၇-၂၀၀၄ ရက်နေ့မှ စတင်၍ (Ygncsache. mpt. net. mm)ဖြင့် ပြောင်းလဲ အသုံးပြုရန် အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူကြမည်

ရန်ကုန် ဇူလိုင် ၁၃

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) ဆဋ္ဌမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၅ရက် (ဒုတိယဝါဆိုလဆန်း ၉ ရက်) တနင်္ဂနွေနေ့ နံနက် ၁၀နာရီတွင် ဓနုဖြူမြို့နယ် အသင်း တည်ရှိရာ အမှတ် ၄၆၈/ အေစီ/၃ အောက်ကြည့်မြင်တိုင်လမ်း ကြည့်မြင်တိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းလိုပါက ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်(ရွှေဟသ်ာ)နှင့် အမှုဆောင်ဦးကျော်ကျော် ဖုန်း-၂၅၂၇၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အာဆီယံဝန်ဆောင်မှုဆိုင်ရာစေ့စပ်ဆွေးနွေးညှိနှိုင်းရေး ကော်မတီအစည်းအဝေးအောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေး ညှိနှိုင်းရေးကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းနာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပပြီး မွန်းလွဲပိုင်း၌ အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်ကြသော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖြည့်စွက်ဆွေးနွေး

အစည်းအဝေးတွင် သဘာပတိအဖြစ် လာအိုနိုင်ငံမှ Dr. Khiane Phansourivongက ဆောင်ရွက်ပြီး အာဆီယံနိုင်ငံများအကြား ဝန်ဆောင်မှုကုန်သွယ်ရေး၌ အကျုံးဝင်သည့် စီးပွားရေးဝန်ဆောင်မှုကဏ္ဍ၊ဆောက်လုပ်ရေးဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍ၊ ရေကြောင်းဝန်ဆောင်မှုကဏ္ဍ၊ ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍ၊ ခရီးသွားဝန်ဆောင်မှုကဏ္ဍနှင့် ပညာရေးဝန်ဆောင်မှုကဏ္ဍများနှင့် စပ်လျဉ်း၍ ဖြေလျော့မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အစီရင်ခံစာအပေါ် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှကိုယ်စားလှယ်များက ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေး ညှိနှိုင်းအတည်ပြုကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ (၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးညှိနှိုင်းရေးကော်မတီအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာရုပ်သိမ်းသည်။

ဖူးမြော်ကြည်ညို

အစည်းအဝေး တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များသည် မွန်းလွဲပိုင်းတွင် ပဲခူးမြို့သို့ လေ့လာရေးခရီးသွားရောက်ကြကာ ပဲခူးမြို့ရှိ ကျိုက်မွန်၊ ရွှေသာလျောင်းနှင့် ရွှေမော်ဓော ဘုရားများကို လှည့်လည် ဖူးမြော် ကြည်ညိုကြသည်။

တတိယနေ့

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ စေ့စပ် ဆွေးနွေးညှိနှိုင်းရေးကော်မတီ အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ တတိယနေ့အဖြစ် ဆက်လက် ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှကိုယ်စားလှယ်များသည်အာဆီယံနိုင်ငံများအကြား ဝန်ဆောင်မှုကုန်သွယ်ရေး၌ အကျုံးဝင်သည့် စီးပွားရေးဝန်ဆောင်မှုကဏ္ဍ၊ ဆောက်လုပ်ရေးဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍ၊ ရေကြောင်း ဝန်ဆောင်မှုကဏ္ဍ၊ ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍ၊ ခရီးသွားဝန် ဆောင်မှုကဏ္ဍနှင့်ပညာရေး ဝန်ဆောင်မှုကဏ္ဍများနှင့်စပ်လျဉ်း၍ ဖြေလျော့မှုဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆပ်ကော်မတီအစည်းအဝေးများကျင်းပ၍ ဆွေးနွေးညှိနှိုင်းကြသည်။

ရင်းနှီးစွာဖိတ်ကြား

မွန်းလွဲပိုင်းတွင် အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူသည် (၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးညှိနှိုင်းရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ရန်ကုန်ခန်းမဆောင်၌ လာရောက် တွေ့ဆုံနှုတ်ဆက်ပြီး လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကာ ၂၀၀၅ ခုနှစ်တွင် မန္တလေးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်၍ ပါဝင်ဆင်နွှဲကြပါရန် ရင်းနှီးစွာ ဖိတ်ကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အာဆီယံ ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ ဆပ်ကော်မတီများ ကဏ္ဍအလိုက် စုပေါင်း၍ ပြန်လည်သုံးသပ်ဆွေးနွေးမှုအစည်းအဝေးကို ကျင်းပရာ မြန်မာနိုင်ငံဘက်မှ ယင်းဆပ်ကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်နှင့်ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက အဖွဲ့လိုက်၊ ကဏ္ဍအလိုက်တင်ပြချက်များအပေါ် ပြန်လည် သုံးသပ်အကြံပြုတင်ပြကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

လှည့်လည်ကြည့်ရှု

ဇူလိုင်၁၁ရက် ညနေပိုင်းတွင်(၃၇)ကြိမ်မြောက် အာဆီယံ ဝန်ဆောင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေး ညှိနှိုင်းရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ကန်တော်ကြီးဥယျာဉ်နှင့် ရန်ကုန်မြို့တွင်း လှည့်လည် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

မုဒုံဆရာတော်တရားပွဲ

ရန်ကုန် ဇူလိုင် ၁၃

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာမေတ္တာရုံကြီးတွင်ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာနာယက ကမ္မဋ္ဌာနာစရိယ မုဒုံဆရာတော်ဘဒ္ဒန္တကုသလာနန္ဒဆရာတော်သည် ဒုတိယဝါဆိုလပြည့် (ဇူလိုင် ၃၁ရက်) မွန်းလွဲ ၂ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။

(က-ပ)

ဇူလိုင် ၁၂ရက်က ကမ္ဘာ့မိခင်နို့ချိုတိုက်ကျွေးရေး ရက်သတ္တပတ်အကြို ဟောပြောပွဲကို ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးအရာရှိ (မိခင်ကလေး/ကျောင်း) ဒေါက်တာ ဒေါ်ခင်စောရီက ကမ္ဘာ့မိခင်နို့ချိုတိုက်ကျွေးရေးနှင့်ပတ်သက်၍ ဟောပြောစဉ်။ (က-ပ)

ဗီယက်နမ်၊တရုတ်ကုန်စည်ပြပွဲများ မြန်မာစီးပွားရေးလုပ်ငန်းရှင်များတက်ရောက်နိုင်

ရန်ကုန် ဇူလိုင် ၁၃

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ၂၀၀၄ခုနှစ် အောက်တိုဘာ ၆ရက်မှ ၁၀ရက်အထိ ASEAN Trade Fair-ATF -2004ပြပွဲကို လည်းကောင်း၊ တရုတ်နိုင်ငံ Nanning, Guangxi, Zhuang မြို့များတွင် ၂၀၀၄ခုနှစ် နိုဝင်ဘာ၃ရက်မှ ၇ရက်အထိ China ASEAN Trade Fairပြပွဲကို လည်းကောင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲများသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)က ကြီးမှူး၍ ပါဝင်ပြသတက်ရောက်မည်ဖြစ်သည်။ ဖော်ပြပါပြပွဲ များသို့ ပါဝင်တက်ရောက်လိုသော မြန်မာစီးပွားရေး လုပ်ငန်းရှင်များသည် ၂၀၀၄ ခုနှစ် ဇူလိုင် ၂၅ရက် နောက်ဆုံးထား၍ အထွေထွေအတွင်းရေးမှူး ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အမှတ် ၅၀၄/၅၀၆ ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၆၄၈၅၊ ၃၈၁၂၈၄၊ ၃၈၁၂၈၅၊ ၂၄၃၁၅၁ တို့သို့ ဆက်သွယ်နိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးသူငယ်တရားစီရင်ရေး၊ ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

တရားရုံးချုပ်နှင့်ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)တို့ ပူးပေါင်းကျင်းပသည့် ကလေးသူငယ်တရားစီရင်ရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ တရားသူကြီးချုပ်ဦးအောင်တိုးက ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ တရားရုံးချုပ်တရားသူကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ နယ်သာလန်နိုင်ငံ ကလေးသူငယ်တရားစီရင်ရေး တရားသူကြီးနှင့် ဥပဒေပါမောက္ခ Mr. Jaap Doek၊ မြန်မာနိုင်ငံ ယူနီဆက်ဖ်ဌာနေ ကိုယ်စားလှယ် Ms. Carroll C. Long၊ အရှေ့အာရှနှင့် ပစိဖိတ်ဒေသယူနီဆက်ဖ်ရုံးမှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကြံပေးအရာရှိ Ms. Margie de Monchy၊ ဖိလစ်ပိုင်နိုင်ငံ ယူနီဆက်ဖ်ရုံးမှ ကလေးသူငယ်တရားစီရင်ရေးစီမံကိန်းအရာရှိ Mr. Albert Muyot၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ရန်ကုန်တက္ကသိုလ်ဥပဒေဌာန၊ ကုလသမဂ္ဂဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်း ဌာနေ ကိုယ်စားလှယ်ရုံးများမှ ဝန်ထမ်းများ၊ ICRC, ARCPPT, Humanitarian Dialogue, Metta Foundation, World Vision, Save the Children UK (SC-UK),SC-Japan ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျနိုင်ငံသံရုံးနှင့် အခြားသံရုံးများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တရားသူကြီးချုပ်ဦးအောင်တိုးက ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

ချီးကျူးစကားပြောကြား

ဆက်လက်၍ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ နယ်သာလန်နိုင်ငံ၏ ကလေးသူငယ်တရားစီရင်ရေးတရားသူကြီးနှင့် ဥပဒေပါမောက္ခ Mr. Jaap Doek နှင့် UNICEF ဌာနေ ကိုယ်စားလှယ် Ms. Carroll C. Longတို့က ကလေးသူငယ်တရားစီရင်ရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ လက်ရှိလုပ်ကိုင်ဆောင်ရွက်မှုများအပေါ် ချီးကျူးစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ဆုမွန်တောင်းစကားများ ပြောကြားကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ ကလေးသူငယ်တရားစီရင်ရေး၏ ကမ္ဘာလုံးဆိုင်ရာ အခြေအနေနှင့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများ၊ ဒေသဆိုင်ရာအခြေအနေနှင့် ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံဆိုင်ရာ အခြေအနေဟူ၍ အပိုင်းသုံးပိုင်းခွဲ၍ဆွေးနွေးကြသည်။

(သတင်းစဉ်)

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၃

ကျိုက်မရောမြို့နယ်ဇာတိ (ရန်ကုန်)တွင် သီတင်းသုံးနေသော ဆရာတော်များအား ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်)ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို သြဂုတ် ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗိုလ်တထောင်ဘုရားအနီး မွန်ပရိယတ္တိစာသင်တိုက်တွင်ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များနှင့်မြို့နယ်သူ မြို့နယ်သားများဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ကြရန်နှင့် သင်္ကန်း၊ ဆွမ်း၊ အချိုပွဲ၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးရဲမြင့်(ဥက္ကဋ္ဌ)ဖုန်း-၂၂၅၀၇၆၊ ဦးရွှေမြ(အတွင်းရေးမှူး) ဖုန်း-၇၀၃၀၉၂၊ ဦးသောင်းညွန့်ဖုန်း-၇၀၇၈၈၀၊ ဦးတက်တိုးဖုန်း-၇၂၁၉၅၄၊ ဦးမြငြိမ်း ဖုန်း-၇၀၅၈၁၅၊ မွန်ပရိယတ္တိ စာသင်တိုက် ဖုန်း-၂၉၇၉၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ပါဠိကာရီပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်း သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပါဠိကာရီ ပရိယတ္တိစာသင်တိုက်တွင် နှစ်စဉ်နှစ်တိုင်း စုပေါင်းကျင်းပမြဲဖြစ်သော ရပ်ကွက်ပေါင်းစုံမှ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဒီဃဘာဏက၊ ဒီဃနိကာယ ကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အင်္ဂီသဆရာတော်အား အမှူးထား၍ ပါဠိကာရီ ပရိယတ္တိစာသင်တိုက်အတွင်းရှိ စာချ စာသင်သံဃာတော် ၇၀ ကျော်အား ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကို ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင် ၃၁ ရက်) စနေနေ့တွင် ဆက်ကပ်ကြမည်ဟု သိရသည်။

(က-ပ)

ဖွံ့ဖြိုးစည်ပင် နယ်စပ်တစ်ခွင်



မိုင်းလားဒေသမှ ခေမာဝရတံတား

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသတွင် ဒေသခံတိုင်းရင်းသားများ သွားလာမှုလွယ်ကူစေရေးအတွက် တည်ဆောက်ပေးထားသော ခေမာဝရတံတားကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)

ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ

ဒေသခံတိုင်းရင်းသားများ အသိအမြင် ဗဟုသုတတိုးပွားစေရန်အတွက် ကယားပြည်နယ် ဖရူဆိုမြို့နယ်တွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ဤသို့ တည်ဆောက်ပေးထားသည်။ (ဓာတ်ပုံမှတ်တမ်း–ပြန်/ဆက်)

လောက်ကိုင်မြို့ မြင်ကွင်းအလှ

ဖွံ့ဖြိုးတိုးတက်နေသော ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသမှ လောက်ကိုင်မြို့ မြင်ကွင်းအလှကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)

သူနာပြုသင်တန်းကျောင်း

ဒေသခံ တိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် သူနာပြုများ မွေးထုတ်ပေးနေသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ဟွေခါးရွာရှိသူနာပြုသင်တန်းကျောင်းကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)



ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နမ့်ခမ်းမြို့ ကျားဖြူခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

ကြည့်ရှုအားပေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်ကြပြီး ရှေးဦးစွာ လူနာများအား ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းလွင်က ခွဲစိတ်ခန်း၊ ခွဲစိတ်ခန်းနှင့် ဆေးရုံအဆောက်အအုံတို့ကို လှည့်လည်ရှင်းလင်းပြသရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လားရှိုးမြို့ အခြေခံပညာအထက်တန်းကျောင်းများ အတွက် သင်ထောက်ကူပစ္စည်းများ၊ ဗလာစာအုပ်များနှင့် ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမ၌ ကွတ်ခိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ဝေက မြို့နယ်အတွင်း တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်မှု၊ မြို့နယ်၏စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ၊ အော်တိုတယ်လီဖုန်းလိုင်းထပ်မံတိုးချဲ့ ပေးရန်လိုအပ်မှုများကို ရှင်းလင်းတင်ပြသည်။

အတော်ပင်ပြည့်စုံမှုရှိ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကွတ်ခိုင်မြို့နယ်သည် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးစသည့် ကဏ္ဍအသီးသီးတွင် ယခင်ကနှင့်မတူ အတော်ပင် ပြည့်စုံမှုရှိနေသည်ကို တွေ့ရကြောင်း။

ကွတ်ခိုင်မြို့နယ်ကဲ့သို့ပင် နိုင်ငံတော်အတွင်းရှိ ဒေသအသီးသီးသည် နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်းပေးမှု၊ ဌာနအသီးသီးမှ ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှု၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုများကြောင့် တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊ အချို့နယ်စပ်မြို့များဆိုလျှင် မြေပြန့်ဒေသမှ မြို့ကြီးပြကြီးများကဲ့သို့ ဖွံ့ဖြိုးစည်ပင်လာသည်ကို တွေ့နိုင်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်လာသဖြင့် တိုင်းရင်းသားအချင်းချင်းလည်းအထိအတွေ့များလာပြီး အပြန်အလှန်ရင်းနှီးနားလည်မှုပိုမိုကာ ပြည်ထောင်စုစိတ်ဓာတ်များ တိုးပွားလာစေခဲ့ကြောင်း၊ ခြုံငုံသုံးသပ်ရလျှင် နိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တက်လှမ်းနိုင်ရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်အခြေအနေကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ ရရှိထားသည့် အလားအလာကောင်း၊ အခြေအနေကောင်းများကို အပြည့်အဝ အသုံးချ၍ အရှိန်အဟုန်မပျက်စေဘဲ နိုင်ငံတော်ကို ဆက်လက်တည်ဆောက်သွားကြရန် အရေးကြီးကြောင်း။

လက်တွဲကြိုးပမ်း

အနာဂတ်နိုင်ငံတော်ကို နိုင်ငံတော်အစိုးရ၏မှန်ကန်သည့် ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာဖြင့် အတူတကွ လက်တွဲကြိုးပမ်းတည်ဆောက်သွားကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကွတ်ခိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများ၊ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ညို နှင့် ကျောင်းအကျိုးတော်ဆောင်နာယက ဒေါ်ရင်မေ တို့အား ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေနှင့် ဆေးပစ္စည်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းလွင် အား ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အခမ်းအနားကိုရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် မော်တော်ယာဉ်များဖြင့် ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တာမိုးညဲတိုက်နယ်ဆေးရုံကိုသွားရောက်ပြီး လူနာများအား ကြည့်ရှုအားပေး၍ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ယဉ်ကျေးမှုခန်းမ၌ တာမိုးညဲမှ ဌာနဆိုင်ရာများ၊ ဒေသခံများနှင့်တွေ့ဆုံရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာမိုးညဲမြို့ အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က တာမိုးညဲဒေသ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကိုလည်းကောင်း၊ တာမိုးညဲ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးထွန်းမြင့်က ပညာရေးဆိုင်ရာကိစ္စများကို လည်းကောင်း၊ တာမိုးညဲဒေသခံတိုင်းရင်းသားခေါင်းဆောင်ဦးမြင့်လွင်က တာမိုးညဲဒေသဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် တိုက်နယ်ဆေးရုံ၏ လိုအပ်ချက်များ အပါအဝင် တာမိုးညဲဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် တာမိုးညဲဒေသ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ် ဦးထမ်းပဲ့ထမ်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် တာမိုးညဲဒေသ အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများကို ကျောင်းအုပ်ဆရာကြီးဦးထွန်းမြင့်အားလည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေနှင့် ဆေးပစ္စည်းများကိုလည်းကောင်း ပေးအပ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တာမိုးညဲမြို့ တိုက်နယ်ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် တာမိုးညဲဒေသအတွက် ပေးအပ်သောမီးသတ်မော်တော်ယာဉ်တစ်စီးနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးမြင့်လွင်အား ပေးအပ်သည်။

လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် အတွင်းရေးမှူး(၁)သည် ဒေသခံတိုင်းရင်းသားခေါင်းဆောင်အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး ဒေသခံတိုင်းရင်းသားခေါင်းဆောင်ကလည်း အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများကို ဂါရဝပြု ပြန်လည်ပေးအပ်သည်။

ယင်းနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် နမ့်ခမ်းမြို့သို့ ထွက်ခွာခဲ့ကြရာ ညနေ ၃နာရီ ၁၅မိနစ်တွင် ရောက်ရှိကြသည်။

ထို့နောက် နမ့်ခမ်းမြို့ ကျားဖြူခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဖြည့်စွက်တင်ပြ

ထိုသို့တွေ့ဆုံရာတွင် နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးအောင်ဇော်လတ်က နမ့်ခမ်းမြို့နယ်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နမ့်ခမ်းမြို့နယ် ပညာရေးမှူး ဦးရွှေမှုံနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဦးသိန်းထွန်းတို့က ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

တည်ငြိမ်အေးချမ်း

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို မိမိတို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်အလိုက်၊ ဒေသအလိုက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်နေသည်ကို မြင်တွေ့ခဲ့ရကြောင်း။

နမ့်ခမ်းမြို့သည်လည်း အေးချမ်းသာယာစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ နမ့်ခမ်းမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးလုပ်ငန်းလိုအပ်ချက်များကိုလည်း မိမိတို့ထပ်မံဖြည့်ဆည်းစီစဉ်ဆောင်ရွက်ပေးသွားခဲ့ပြီးဖြစ်ကြောင်း။

အနာဂတ်အတွက် မျှော်လင့်ချက်ကောင်းများ ရရှိနေသည့် နမ့်ခမ်းမြို့နယ် ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မူဆယ်မြို့မှ ကွတ်ခိုင်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ရောက်ရှိကြသည်။

သိန်းနီမြို့နယ်ပြည်သူ့ဆေးရုံ

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၆ ရက် နံနက် ၇ နာရီတွင် ကွတ်ခိုင်မြို့မှ သိန်းနီမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး ရှေးဦးစွာ သိန်းနီမြို့နယ် ပြည်သူ့ဆေးရုံကို ဝင်ရောက်ကြည့်ရှု စစ်ဆေးကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား မြို့နယ်ဆရာဝန် ဒေါက်တာသင်းသင်းလှိုင်နှင့် ဆရာဝန် ဆရာမများက ဆေးရုံအတွင်း လှည့်လည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သိန်းနီမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာ စကားပြောကြားစဉ်။

(သတင်းစဉ်)

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သိန်းနီမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး သိန်းနီမြို့နယ် စံလောင်းတိုက်နယ် ဆေးရုံဆောက်လုပ်ပြီးစီးမှု အခြေအနေကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လားရှိုးမြို့သို့ ထွက်ခွာခဲ့ကြပြီး လားရှိုးမြို့နယ် ဘုံမွန်ရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဘိန်းအစားထိုး သီးနှံမျိုးစေ့ထုတ် ပြောင်း၊ နေကြာ၊ ပဲစင်းငုံ စိုက်ပျိုးရေးနှင့် ပျားမွေးမြူရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က စီမံကိန်းနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြပြီး ဦးစီးအရာရှိ ပထမတန်း(စစ်ထောက်)ဒုတိယဗိုလ်မှူးကြီးနေလင်းအောင်က စီမံကိန်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် အကျိုးကျေးဇူးရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြသကြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် သိန်းနီမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ကျောင်းခန်းမဆောင်၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် သိန်းနီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သိန်းနီမြို့နယ်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မူဆယ်မြို့ ရွှေလီရတနာရိပ်သာ၌ မူဆယ်ခရိုင်နှင့် မြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များ မှာကြားပြီး ဘုံမွန်စီမံကိန်း လုပ်ငန်းများကို ရှုရပ်မှ ကြည့်ရှုစစ်ဆေးသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် လားရှိုးမြို့သို့ ရောက်ရှိကြပြီး လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လားရှိုးခရိုင်နှင့် လားရှိုးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများနှင့် တွေ့ဆုံသည်။

ဖွံ့ဖြိုးတိုးတက်မှုရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မိမိဦးဆောင်သောအဖွဲ့သည် ဇူလိုင် ၂ ရက်မှစ၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့သို့စတင်ရောက်ရှိပြီး နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ နမ္မတူ၊ မိုင်းရယ်၊ တန့်ယန်း၊ ကွမ်းလုံ၊ နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင်၊ သိန်းနီ စသည့် မြို့နယ်များ၊ မြို့များသို့ လှည့်လည်သွားရောက်ခဲ့ကြောင်း။

ယင်းသို့ လှည့်လည်သွားလာရာတွင် ဒေသအသီးသီး၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ဒေသခံပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးခဲ့ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တာမိုးညဲမြို့ ယဉ်ကျေးမှုခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် အတွင်းရေးမှူး(၁)သည် နမ့်ခမ်းမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများ၊ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် မြို့နယ်အတွက် ဗလာစာအုပ်များ၊ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေနှင့် ဆေးပစ္စည်းများကို တာဝန်ရှိသူများအား ပေးအပ်သည်။

မျိုးစေ့ထုတ်စိုက်ကွင်းကြည့်ရှု

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့နယ်သို့ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဖိုင်ကျောင်းကျေးရွာရှိ ဆင်းရွှေလီအထူးအထွက်တိုး မျိုးစေ့ထုတ် စိုက်ကွင်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မူဆယ်မြို့ ရွှေလီရတနာရိပ်သာသို့ ရောက်ရှိကြပြီး မူဆယ်ခရိုင်နှင့် မူဆယ်မြို့နယ်မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံရာ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများက မူဆယ်ခရိုင်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာတွင် သိန်းနီမြို့ကို မိမိတို့ရောက်ရှိပြီးနောက် မြို့နယ်ပြည်သူ့ဆေးရုံကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးပြီးနောက် သိန်းနီမြို့နယ် ပြည်သူ့ဆေးရုံ၌ ဓာတ်မှန်ရရှိရေး၊ ခွဲစိတ်ခန်းတိုးချဲ့ပြုပြင်ရေး၊ မြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံတို့အတွက် ဆေးရုံသုံးပစ္စည်းများရရှိရေးတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ယခုဌာနဆိုင်ရာများနှင့် တွေ့ဆုံရာတွင် သိန်းနီမြို့၌ တယ်လီဖုန်းဆက်သွယ်မှုအပါအဝင် ဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ဆက်စပ်ရှင်းလင်းပြောကြားသည်။

သင်ထောက်ကူပစ္စည်းပေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် သိန်းနီမြို့နယ် အတွင်းရှိ အခြေခံပညာ ကျောင်းများအတွက် ဗလာစာအုပ်များနှင့် သိန်းနီမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများကို မြို့နယ်ပညာရေးမှူး ဒေါ်နန်းမြလုံအား ပေးအပ်ပြီး မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပစ္စည်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းသင်းလှိုင်အား ပေးအပ်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

14-7 (09).p65 1 03/24/1905, 7:43 PM

သက်ရှည်ကျန်းမာ စားသောက်နေထိုင်ရာ

(ယမန်နေ့က အဆက်)

၄။ အဆီဓာတ်၊ ပြည့်ဝအဆီဓာတ်နှင့် ကိုလက်စထရော နည်းသောအစားအစာကို ရွေးချယ်စားသုံးရန်

အဆီဓာတ်များသည် အဝလွန်ရောဂါဖြစ်စေသည့်အပြင် နှလုံးရောဂါ၊ ဆီးချိုသွေးချိုရောဂါနှင့် အချို့ကင်ဆာရောဂါများကို ဖြစ်စေသည်။ အဘယ်ကြောင့်ဆိုသော် အဆီဓာတ်တွင် ကစီဓာတ်နှင့် ပရိုတင်းဓာတ်များမှ ရရှိသော ကီလိုကယ်လိုရီထက် အင်အားဓာတ် နှစ်ဆပါဝင်သောကြောင့် ဖြစ်သည်။ ထို့ပြင် များပြားသောပမာဏရှိသည့် ပြည့်ဝအဆီများသည် သွေးထဲရှိ ကိုလက်စထရောကို မြင့်တက်စေခြင်းဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကို များပြားစေသည်။ ထို့ကြောင့် အဆီ၊ အထူးသဖြင့် ပြည့်ဝအဆီနှင့် ကိုလက်စထရော စားသုံးခြင်းကို ရှောင်ကြဉ်ရမည်။

ပြည့်ဝအဆီများမှာ တိရစ္ဆာန်အဆီများ (ဒိန်ခဲ၊ ထောပတ်၊ ဝက်ဆီ၊ အနီရောင်ရှိသော အသားများ)၊ အုန်းဆီနှင့် စားအုန်းဆီတို့တွင် ပါဝင်ပြီး ငါးမှရသော အဆီများတွင် မပါဝင်ပါ။ မပြည့်ဝအဆီများမှာ ဟင်းသီးဟင်းရွက်များမှ ရရှိသည်။ လွန်စွာမပြည့်ဝသောဆီ (Poly-unsaturated)နှင့် မပြည့်ဝသောဆီ (Monounsaturated) နှစ်မျိုးစလုံးသည် သွေးထဲရှိဆိုးကျိုးပေးသော ကိုလက်စထရော၊ သို့မဟုတ် သိပ်သည်းဆနည်းပါးသော လစ်ပိုပရိုတင်း ကိုလက်စထရော ပမာဏကို နိမ့်ကျစေသော်လည်း မပြည့်ဝသောဆီ (Monounsaturated)သည် သွေးထဲရှိ ကောင်းကျိုးပြု ကိုလက်စထရော၊ သို့မဟုတ် သိပ်သည်းဆ မြင့်မားသော လစ်ပိုပရိုတင်း ကိုလက်စထရော (High Density Lipoprotein)ပမာဏကို မနိမ့်ကျစေသည့်အတွက် ပိုမိုကောင်းမွန်သည်။

ကျန်းမာရေးနှင့် ညီညွတ်သော အဆီများ– ငါး၊ သံလွင်သီး၊ ထောပတ်သီး၊ အခွံမာ သစ်သီးတို့မှရသော အဆီများသည် သွေးထဲရှိ ကိုလက်စရောပမာဏကို အမှန်တကယ် ကောင်းမွန်စေပြီး နှလုံးသွေးကြောပိတ်ရောဂါ ဖြစ်ပွားနိုင်မှုကို သိသာထင်ရှားစွာ လျော့နည်းစေသည်။ ကျန်းမာရေးနှင့် မညီညွတ်သော အဆီများ၊ ပြည့်ဝအဆီနှင့် ထရန့်စ်အဆီများ (Trans Fats)သည် အဓိကအားဖြင့် အဆင်သင့် စားသုံးနိုင်သည့် အစားအစာများ ဥပမာ– မာဂျရင်း၊ ချက်ပြုတ်ကြော်လှော်ရာတွင် ထပ်ကာထပ်ကာ သုံးစွဲထားသည့် အဆီများ၊ ဈေးကွက်ဝင်ကြော်လှော်ထားသော အစားအစာများနှင့် မလိုင်ပြည့်နွားနို့တွင် ပါဝင်သည်။ ယင်းအဆီများအစား ကျန်းမာရေးနှင့်ညီညွတ်သော အဆီများကို အစားထိုးသုံးစွဲရပါမည်။ ကောင်းသောအဆီများ ပါဝင်သည့် အစားအစာများမှာ ကျန်းမာရေးအတွက် အကျိုးအာနိသင် ရှိသော်လည်း၊ အဆီများ ပါဝင်သည့်အတွက် အင်အားဓာတ် ကယ်လိုရီ မြင့်မားသော အစာများဖြစ်သည်။ သို့အတွက် ကောင်းသောအဆီများကိုပင် စားသုံးသည့် ပမာဏကို လူတစ်ဦးအတွက် လိုအပ်သောအင်အားဓာတ် ကယ်လိုရီနှင့် ညှိနှိုင်းစားသုံးရမည်။

ယင်းအချက်နှင့် ပြည့်စုံစေရန်နှင့် အာဟာရဓာတ်ပြည့်ဝစေရန် အောက်ပါအတိုင်းစားသုံးနိုင်သည်။

* အဆီဓာတ်များပါသော အသားများနေရာတွင် အဆီမပါသော အသား၊ ငါး၊ ကြက်သားနှင့် ပဲအမျိုးမျိုး(ပဲသီး၊ ပဲစေ့အမျိုးမျိုး)ကို အစားထိုးရန်။
* အသားများတွင် ပါသောအဆီကို ထုတ်ပစ်ရန်။
* ကြက်/ဘဲအရေခွံကို ဆုတ်ပစ်ရန်။
* အဆီထုတ်ထားသော/မပါသောနို့ကို သောက်စေရန်။
* အဆီထည့်ထားသော စည်သွတ်ဘူးများအစား ရေထည့်သုံးသော စည်သွတ်ဘူးများကိုသာ တတ်နိုင်သမျှ စားသုံးရန်။
* အစားအစာများကို မီးဖုတ်ခြင်း၊ ကင်ခြင်း(သို့မဟုတ်)ပြုတ်ခြင်းပြုလုပ်ရန် ကြော်မစားရန်။
* ကြက်ဥ၊ ကလီစာများ၊ ထောပတ်၊ မာဂျရင်းနှင့် မလိုင်တို့ကို အသင့်အတင့်သာ သုံးရန်။

အောက်ပါဇယားတွင် အဆီအမျိုးမျိုး၌ ပါဝင်သော ပြည့်ဝအဆီရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။

စဉ်	ဆီအမည်	ရာခိုင်နှုန်း	စဉ်	ဆီအမည်	ရာခိုင်နှုန်း
၁။	အုန်းဆီ	၉၂%	၇။	မြေပဲဆီ	၁၈%
၂။	ထောပတ်	၆၄%	၈။	ပဲပိစပ်ဆီ	၁၅%
၃။	အမဲဆီ	၅၂%	၉။	သံလွင်ဆီ	၁၄%
၄။	စားအုန်းဆီ	၅၁%	၁၀။	နေကြာစေ့ဆီ	၉%
၅။	ဝက်ဆီ	၄၁%	၁၁။	ကန်နိုလာဆီ	၆%
၆။	ကြက်ဆီ	၃၁%			

ယင်းတို့အနက် ပြည့်ဝအဆီ ရာခိုင်နှုန်းနည်းသောဆီကို သင့်တင့်မျှတစွာ စားသုံးသင့်ကာ၊ ပြည့်ဝအဆီ ရာခိုင်နှုန်းများသော ဆီကိုမူ လျှော့နိုင်သမျှ လျှော့၍ စားသုံးရမည်ဖြစ်သည်။

၅။ အချိုဓာတ် အသင့်အတင့်သာပါသော အစားအစာများကို ရွေးချယ်ရန်

အချို့သကြားဓာတ်ပါသော အစားအစာများ–ဥပမာ–သကြားလုံး၊ အချိုမုန့်မျိုးစုံတွင် အဆီဓာတ်မှလွဲ၍ ကျန်အာဟာရဓာတ်များ အနည်းငယ်သာပါဝင်တတ်သည်။ သို့ဖြစ်၍ အချိုလွန်ကဲသော အစားအစာများ စားသုံးလျှင် စုစုပေါင်း အာဟာရဓာတ်ရရှိမှု မလုံလောက်ဘဲ အင်အားဓာတ်များသာ မြင့်တက်နေမည်။ ထို့ပြင် ယင်းအစားအစာများသည် သွားပိုးစားခြင်းကို ဖြစ်စေသည်။ လူတစ်ယောက်အတွက် တစ်နေ့လျှင် သကြားလက်ဖက်ရည်ဇွန်း တစ်ဇွန်းစားခြင်းနှင့် အသင့်ထုပ်ပိုးထားပြီး သံကြားအနည်းငယ်သာပါဝင်သော အစားအစာများ(သို့မဟုတ်)သကြားမပါသော သစ်သီးဘူးများ စားသုံးခြင်းသည် သင့်တော်ပါသည်။

၆။ ဆားနှင့်ဆိုဒီယမ် အသင့်အတင့်သာပါသော အစာများကို ရွေးချယ်ရန်

ဆိုဒီယမ်စားသုံးမှု လွန်ကဲလျှင် သွေးတိုးရောဂါ(သွေးပေါင်ချိန် ၁၄၀/၉၀နှင့်အထက်)ဖြစ်နိုင်ပြီး နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ပွားနိုင်မှု များလာသည်။ ထို့အတွက် ချက်ပြုတ်ရာတွင်လည်းကောင်း၊ အစားအစာ စားနေချိန်တွင်လည်းကောင်း ဆားကို သင့်တင့်ရုံသာထည့်စားရန် အကြံပြုပါသည်။ လတ်ဆတ်သော အစားအစာများ၊ ဟင်းသီးဟင်းရွက်များ၊ အသားများ၊ မပြုပြင်ထားသော ကောက်ပဲသီးနှံများသည် ဆိုဒီယမ်ပါဝင်မှုနည်းပါသည်။ အလွယ်တကူ စားနိုင်ရန် ပြုလုပ်ထားသော အစားအစာများတွင် ဆိုဒီယမ်ပါဝင်မှုများပါသည်။ ဆားပါသောအာလူးကြော်နှင့် အခွံမာသစ်သီးဆံများ၊ သနပ်များနှင့် အေးခဲထားသော အစာများတွင် ဆားပါဝင်မှုများသဖြင့် အကန့်အသတ်ဖြင့်သာ စားသင့်သည်။

၇။ လတ်ဆတ် အန္တရာယ်ကင်းရှင်းသော အစားအစာများကို ရွေးချယ်ရန်

သန့်ရှင်း လတ်ဆတ်မှု မရှိသော အစားအစာများတွင် အာဟာရဓာတ်ပါဝင်မှုနည်းပါးသည့်အပြင် ဘက်တီးရီးယားများနှင့် ယင်းတို့၏ အဆိပ်များ ပါဝင်တတ်သည်။ ထို့ကြောင့် အောက်ပါအစားအစာများကို ရှောင်ကြဉ်ရမည်။

* သဘာဝမဟုတ်သော ဆိုးဆေးများ များပြားစွာပါဝင်သော အစားအစာများ၊
* လုံခြုံစွာဖုံးအုပ်မထားသော၊ သို့မဟုတ် ကြောင်အိမ်တွင်း ထည့်မထားသော အစားအစာများ၊
* ယင်နား အစားအစာများ၊
* ပိုးသတ်မထားသောနွားနို့၊
* ကျိုချက် မထားသော သောက်ရေ၊
* ပြင်ဆင်မှု မကောင်းသောအသုပ်များ၊
* ချက်ပြုတ်ပြီး အခန်းအပူချိန်တွင်ပင် ကြာနေသော အစားအစာများ။

ဒေါက်တာပိုင်ခိုး

(ဆေးသုတေသနဦးစီးဌာန)

၈။ ယမကာ သောက်သုံးတတ်ပါက အသင့်အတင့်သာ သောက်သုံးရန်

ယမကာသည် အင်အားဓာတ်သာ ပါဝင်ပြီး အခြားသော အာဟာရဓာတ် အလွန်နည်းပါသည်။ လွန်ကဲစွာ သောက်သုံးပါက အစာစားလိုစိတ် လျော့နည်းခြင်း (ခံတွင်းပျက်ခြင်း)၊ အသည်းခြောက်ရောဂါ၊ ဦးနှောက်ထိခိုက်ခြင်း၊ လည်ချောင်းနှင့် လည်ပင်းကင်ဆာဖြစ်နိုင်မှု များလာနိုင်ခြင်းနှင့်ကိုယ်ဝန်ဆောင်မိခင်များတွင် မွေးရာပါချို့တဲ့မှုရှိသော ကလေးများ မွေးလာနိုင်သည်။ အမျိုးသမီးတစ်ဦးအတွက် တစ်နေ့လျှင်တစ်ခွက်နှင့် အမျိုးသားတစ်ဦးအတွက် တစ်နေ့လျှင် နှစ်ခွက်သောက်ခြင်းကို အသင့်အတင့် သောက်သုံးခြင်းဟု သတ်မှတ်သည်။

၉။ ကိုယ်လက်လှုပ်ရှားမှု

ကျန်းမာရေး ပိုမိုကောင်းမွန်ရန်အတွက် အသက်အရွယ်မရွေး လူတိုင်းလူတိုင်း အနည်းဆုံး မိနစ်သုံးဆယ်ခန့် လှုပ်ရှားမှုအသင့်အတင့်ရှိသော လေ့ကျင့်ခန်း(ဥပမာ–သွက်သွက်လမ်းလျှောက်ခြင်း)ကို ရက်သတ္တပတ်လျှင် လေးရက်၊ ငါးရက်ပြုလုပ်ပေးရမည်။ ဤသို့ ပြုလုပ်ပေးခြင်းသည် နှလုံးကျန်းမာရေးနှင့် ဇီဝကမ္မကျန်းမာရေးအတွက် လုံလောက်သကဲ့သို့ ဆိုခဲ့ပြီးသော နာတာရှည်ရောဂါများဖြစ်ပွားမှုကို သိသိသာသာ လျော့နည်းသွားစေမည် ဖြစ်သည်။ ဝသောသူများအတွက်မူ ယင်းလေ့ကျင့်ခန်းမျိုးကို တစ်နေ့လျှင် တစ်နာရီခန့်ပြုလုပ်ရမည်။ အရိုးနှင့်ကြွက်သားများ ပိုမိုသန်မာလိုပါက ကြွက်သားအားကောင်းစေသော လေ့ကျင့်ခန်းမျိုး ထပ်မံပြုလုပ်သင့်သည်။ ဤကဲ့သို့လှုပ်ရှားမှုကို တစ်ထိုင်တည်း တစ်နာရီကြာမျှ မပြုလုပ်ဘဲ ၁၅ မိနစ်မှ မိနစ် ၃၀ ခန့်စသည်ဖြင့် အကြိမ်ကြိမ်ခွဲ၍ ပြုလုပ်နိုင်သည်။ တစ်နေ့လျှင် ၃ မိုင်မှ ၃ မိုင်ခွဲခန့် လမ်းလျှောက်မှုနှင့် ညီမျှသော အလုပ်လုပ်သူများ၊ တစ်နေ့လျှင် နာရီဝက်၊ တစ်နာရီခန့် လမ်းလျှောက်မှုနှင့်ညီမျှသော အိမ်မှုကိစ္စများ ပြုလုပ်လေ့ရှိသည့် အိမ်ရှင်မများသည် ထပ်ဆောင်း၍ လေ့ကျင့်ခန်းပြုလုပ်ရန် မလိုအပ်ပါ။

ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်စားသောက်မှုပုံစံ ဖြစ်ရန်အတွက် အောက်ပါ အချက်များကို လိုက်နာဆောင်ရွက်သင့်သည်။

၁။ သကြားပါဝင်သည့် အချိုရည်များ သောက်သုံးမှုကို လျှော့ချရန်။

၂။ ကလေးများကို အစားအစာကျွေးမွေးရာ၌ ပန်းကန်ထဲ၌ ထည့်ပေးသရွေ့ ကုန်အောင်မစားခိုင်းဘဲ ကလေးစားနိုင်သမျှသာ စားတတ်သည့် အလေ့အကျင့်ကို မိခင်များ လက်ခံနိုင်ရေးအတွက် ညွှန်ကြားရန်။ (**မှတ်ချက်–**ကလေး၏အရွယ်အလိုက် ရှိသင့် ရှိထိုက်သော ကိုယ်အလေးချိန် ရှိရန်လိုအပ်သည်)

၃။ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ စားသောက်သည့် ပမာဏကို တိုးမြှင့်ပေးရန်။

၄။ အင်အားဓာတ်များပြားပြီး အာဟာရဓာတ်အမျိုးအစား စုံလင်စွာမပါရှိသော အစားအစာများ (ဥပမာ–အဆင်သင့် ထုပ်ပိုးထားသည့် သွားရေစာများ) စားသုံးသည့်ပမာဏကို ထိန်းချုပ်ရန်။

၅။ အင်အားဓာတ် လျော့နည်းသော အစားအစာများ(သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ) သဘာဝအတိုင်းဖြစ်နေသော အရောင်မျိုးစုံရှိသည့် သီးနှံများ စားသုံးမှုပမာဏကို တိုးမြှင့်ရန်။

၆။ အင်အားဓာတ်များပြားသော (အဆီ၊ သကြားနှင့် ကစီများသော)အစားအစာများနှင့် သကြားပါဝင်မှုများသော အချိုရည်များကိုအနည်းငယ်သာ စားသောက်ရန်။

၇။ ပြည့်ဝအဆီ၊ တိရစ္ဆာန်အဆီများ (ဒိန်ခဲ၊ ထောပတ်၊ အခြားနို့ထွက်ပစ္စည်းများ၊ အသားမှရသောအဆီများ၊ အရေပြားအဆီများ၊ အုန်းနို့၊ အုန်းဆီ) စားသုံးမှုပမာဏကို လျှော့ချရန်။

၈။ ဆီများကို အကြိမ်ကြိမ် ကြော်ချက်ခြင်းနှင့် ဆီသွပ်ထားသော အစားအစာများတွင် ဟိုက်ဒြိုဂျင်နိတ်ဓာတ်များပါရှိသည့်အတွက် ယင်းအစားအစာမျိုးကို ရှောင်သင့်သည်။

၉။ ဟင်းသီးဟင်းရွက်မှရသော စားသုံးဆီကို လုံလောက်သော ပမာဏသာ စားသုံးရန်နှင့် ငါးကို ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်မှ နှစ်ကြိမ်ပုံမှန် စားသုံးရန်။

၁၀။ ဆား စားသုံးမှုပမာဏကို တစ်နေ့လျှင် ၅ ဂရမ် (တစ်ကျပ်သား၏ လေးပုံတစ်ပုံခန့်)ထက် လျှော့နည်းစွာ စားသုံးရန်။

၁၁။ ဆားနယ်၍ ကြာရှည်ခံအောင် ပြုပြင်ထားသော အစားအစာများကို အသင့်အတင့်သာ စားသုံးရန်။

၁၂။ အပ်ဖလာတော်ဆင် (Aflatoxin) (မှို) အဆိပ်ပါဝင်သော အစားအစာများ (ဥပမာ– ငရုတ်သီးခြောက်၊ မလတ်ဆတ်သော ပဲအမျိုးမျိုး) စားသုံးမှုကို အနည်းဆုံးဖြစ်စေရန်။

၁၃။ အစားအစာ ချက်ပြုတ်ပြင်ဆင်ရာတွင် ဆီဖြင့်ကြော်လှော်ခြင်းမဟုတ်သည့် အခြားနည်းလမ်းများကို အသုံးပြုသည့် အလေ့အကျင့်များကို ရွေးချယ်ရန်။

၁၄။ ကိုယ်လက်လှုပ်ရှားမှု များပြားသည့် နေထိုင်မှုပုံစံကို မြှင့်တင်ပေးရန်။

၁၅။ တယ်လီဗေးရှင်း၊ ဗီဒီယိုကြည့်ရှုချိန်နှင့် ကွန်ပျူတာဂိမ်း ကစားခြင်း စသောလှုပ်ရှားမှုနည်း၍ အထိုင်များသော အပြုအမူများကို ကန့်သတ်ပေးရန်။

၁၆။ အသင့်အတင့် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုမျိုးကို တစ်နေ့လျှင် နာရီဝက်၊ တစ်နာရီခန့်နှုန်းဖြင့် နေ့တိုင်းနီးပါး လုပ်ဆောင်ခြင်းကို တိုက်တွန်းရန်။ (အထူးသဖြင့် ထိုင်ခြင်းအချိန်များပြားသော နေထိုင်မှုပုံစံရှိသူများအတွက်)

၁၇။ ကိုယ်အလေးချိန်များခြင်းနှင့် အဝလွန်ရောဂါ မဖြစ်စေရန် ကာကွယ်ခြင်းနှင့် ကုသခြင်း။

၁၈။ မိမိအသက်အရွယ် ကိုယ်ခန္ဓာကိုလိုက်၍ ရှိသင့်သည့် ကိုယ်အလေးချိန်ကို ထိန်းသိမ်းထားရန်။

၁၉။ အရက်ပါဝင်သည့် ဖျော်ရည်များကို တစ်ရက်လျှင် နှစ်ယူနစ်ထက် ပိုမိုသောက်သုံးခြင်း မပြုရန်။

သို့အတွက် ကျန်းမာ၍ အနာရောဂါ ကင်းရှင်းစေရန်၊ အဝလွန်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချို သွေးချိုရောဂါ၊ ကင်ဆာရောဂါများ အစရှိသည်တို့ မခံစားရစေရန် ၊ ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းသည်ဟူသော ဆိုရိုးနှင့်အညီ သင့်တင့်သော ကုန်ကျမှုဖြင့် ဖော်ပြပါအတိုင်း ချက်ပြုတ်စားသောက်နေထိုင်မှုပြုလျက်၊ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်းဖြင့် သက်ရှည်ကျန်းမာစွာ နေထိုင်ကြရန်အတွက် ဤဆောင်းပါးဖြင့် ရေးသားတိုက်တွန်းအပ်ပါသည်။ ။

မင်းလှမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၃

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း (ရန်ကုန်)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၄ ရက် (စနေနေ့)နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ် ဗဟိုလမ်း ဇေယျဝတီစာသင်တိုက်ရှိ ကျောင်းတိုက်ကြီး ၁၇ တိုက်မှ ပဓာန နာယကဆရာတော်ကြီး ၁၇ ပါးအား ဝါဆိုသင်္ကန်းကပ်လှူပြီး ဆွမ်းပဒေသာပင် စိုက်ထူမည် ဖြစ်သည်။ ရန်ကုန်ရောက် မင်းလှမြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်း များကို ဦးတင်အောင် ဖုန်း–၂၅၆၉၀၈ (ရုံး)၊ ၅၂၆၇၃၅(အိမ်)၊ ဦးသန်းစိုး ဖုန်း–၃၇၆၆၈၅ (ရုံး)၊ ၅၃၄၇၃၆ (အိမ်)နှင့် ဦးမြင့်ဆွေ ဖုန်း–၂၅၆၀၃၇ (အိမ်) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အရှေ့ရန်ကင်း တိုက် ၂၉၀၊ အခန်း ၁၆ နေ ဦးသန်း၏ အသက်(၈၀)ပြည့်မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆေးရုံ သစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

စာမျက်နှာ ၉ မှ

နိုင်ငံတော်၏နယ်မြေဒေသအနှံ့အပြားသို့ လှည့်လည်သွားရောက်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ အဆင့်မြှင့်ပေးရမည်များကို အဆင့်မြှင့်တင်ပေးခြင်းဖြင့် ဒေသအသီးသီးသည် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုမှန်ကန်ကောင်းမွန်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ဒေသတာဝန်ခံများ၊ ဌာနဆိုင်ရာများ၏ ကြိုးပမ်းအားထုတ်မှုကောင်းမွန်ခြင်း၊ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုအားကောင်းခြင်းတို့ကြောင့် နိုင်ငံတော်သည် ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်တစ်ရပ်လုံး ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာခြင်းမှာ နယ်မြေဒေသအသီးသီး အေးချမ်းတည်ငြိမ်နေ၍လည်းဖြစ်ကြောင်း၊ တပ်မတော်က နိုင်ငံတော်၏တာဝန်များကို ရယူရပြီးနောက် ရပ်ရွာအေးချမ်းသာယာအောင်၊ တရားဥပဒေစိုးမိုးအောင် ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

အေးချမ်းတည်ငြိမ်မှုရရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများချမှတ်၍ အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ နိုင်ငံတော်တစ်ရပ်လုံးရော၊ ဒေသအသီးသီးပါ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊ တိုတောင်းသောနှစ်ကာလအတွင်းတိုင်း/ပြည်နယ်အတွက် အမှန်တကယ်လိုအပ်နေသော စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေခံကောင်းများကို ခိုင်ခိုင်မာမာချထားနိုင်ခဲ့ပြီဟု ဆိုရမှာဖြစ်ကြောင်း။

အမျိုးသားရေးရည်မှန်းချက်

နိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးကို ထာဝစဉ်ရှေးရှု၍ ချမှတ်ထားသော အမျိုးသားရေးဦးတည်ရည်မှန်းချက်များနှင့်အညီ နိုင်ငံတော်ကိုတည်ဆောက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ်အဆင့်၌ ပထမရရှိသော လားရှိုးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးကျော်ဆန်းဦးအားလည်းကောင်း၊ ဒုတိယရရှိသော လားရှိုးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးဒေါ်နုနုအောင်အားလည်းကောင်း သင်ထောက်ကူ ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို ပြည်နယ်ပညာရေးမှူး ဦးငွေတိုးအားလည်းကောင်း၊ ဆရာဆရာမများအတွက် ကျောင်းဝတ်စုံများကို မြို့နယ်ပညာရေးမှူးဒေါ်စန်းစန်းမြင့်အားလည်းကောင်း ပေးအပ်သည်။

ဆေးပစ္စည်းများပေး

ထို့နောက် အတွင်းရေးမှူး(၁)သည် လားရှိုးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးအတွက် ဆေးပစ္စည်းများကို ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာ ခင်မောင်ဝါအားပေးအပ်ပြီး ဆေးပဒေသာပင်အတွက် အလှူငွေကို တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာညွန့်ဝင်းမြင့်အား ပေးအပ်သည်။

ယင်းနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၄–၇–၂၀၀၄ ရက်
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၆။ အရေးပြိုင်ပွဲ
၈:၂၀ ၇။ ယူချောင်းတံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Learning English the Easy and Happy way for Children and Beginneres
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀ ၇။ ကျောက်တစ်လုံးရေကူရေလှောင်တမံ
၁၇:၄၀ ၈။ သီချင်းကြီးပဒေသာ
၁၇:၅၅ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၈:၀၅ ၁၀။ Discovery
၁၈:၁၅ ၁၁။ တေးဂီတအစီအစဉ်
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၉:၁၅ ၁၅။ တေးဂီတအစီအစဉ်
၁၉:၃၀ ၁၆။ အေးချမ်းဝေစည်ရှမ်းတို့ဌာနီ (တောင်ပိုင်း)
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဝတ်စားဆင်ယင်မှု ပြပွဲ
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မိုးကုတ်ဝိပဿနာ တစ်လတရားစခန်း

ရန်ကုန် ဇူလိုင် ၁၃

ဧရာဝတီတိုင်း ဇလွန်မြို့ မြို့သစ်ခပေါင်းလမ်းရှိမိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၉၆)ဓမ္မရိပ်သာတွင် ဩဂုတ် ၁၅ရက်မှ စက်တင်ဘာ ၁၃ရက်အထိ တစ်လတရားစခန်းပွဲ၌ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း မိုးကုတ် ဓမ္မကထိက ဦးပုညာနန္ဒ ၉ ရပ်ကွက် သာကေတနှင့် ဦးကောသလ္လ၊ သန်လျင်ဆရာတော်များနှင့် မိုးကုတ်ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး ဦးကျော်စိန်နှင့် ဦးအေးဖေ(မြောက်ဒဂုံ)တို့က အနီးကပ် ကြီးကြပ်၍ နေရာမလပ်ကျင့်ကြံအားထုတ်နည်းများ သင်ကြားပြသပေးကြမည်ဖြစ်သည်။

တစ်လပြည့်ပြီး ဆက်လက် အားထုတ်လိုသော ယောဂီများကိုအဖွဲ့က လက်ခံပေးမည်ဖြစ်ရာ တရားဝင်လိုသောယောဂီများ အထက်ပါရိပ်သာတွင် လည်းကောင်း၊ ဆရာကြီးဦးကျော်စိန် အိမ်အမှတ် ၅၁/ဘီ ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်း ရန်ကုန် ဖုန်း–၅၅၄၄၃၅နှင့် ဦးအေးဖေ ၅၈၄၈၆၇တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် သိမ်ကုန်းဝေနေယျသုခ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်များအား ပထမအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပူဇော်ပွဲ ကို ဒုတိယဝါဆိုလပြည့်နေ့(စနေနေ့)တွင် ကျင်းပမည်ဖြစ်ပြီး ဒေါ်သန်းညွန့်(မြိတ်မြို့)မိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ဝါတွင်း အခါသမယ အပတ်စဉ်(ဥပုသ်နေ့)များတွင် သိမ်ကုန်း ဝေနေယျသုခ ကမ္မဋ္ဌာန်းကျောင်းတိုက် နာယက ဆရာတော် ဘဒ္ဒန္တကုမာရ(သိရီပဝရဓမ္မာစရိယ)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

လေဘေးဒဏ်သင့် မြေပုံမြို့နယ်သို့ ငွေနှင့်ပစ္စည်းမျိုးစုံလှူ

ရန်ကုန် ဇူလိုင် ၁၃

ရခိုင်ပြည်နယ်မြို့နယ်အချို့တွင် လေဘေးဒဏ်ခံခဲ့ရမှုကြောင့် ရန်ကုန်ရှိ ရခိုင်လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ဒါနချစ်သူများ (ရန်ကုန်)ကို ဖွဲ့စည်းကာ အလှူငွေများ ကောက်ခံခဲ့သည်။

ကောက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများကို ပထမအကြိမ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တစ်ဆင့် လေဘေးဒဏ်သင့် မြို့နယ်များသို့ ငွေကျပ် ၂၂၃သိန်းဖိုးခန့် လှူဒါန်းခဲ့သည်။

ယခုတစ်ဖန် လေဘေးဒဏ်ခံခဲ့ရသော မြေပုံမြို့နယ်သို့ မြေပုံမြို့နယ်အသင်း(ရန်ကုန်)မှတစ်ဆင့် ကျပ်ငွေ ၂၃ သိန်းကျော်နှင့် ပစ္စည်းမျိုးစုံကို ဓညဝတီသာသနာပြုကျောင်းတိုက် ဦးထောင်ဘိုလမ်း ဗဟန်းမြို့နယ်တွင် ဇူလိုင် ၁၁ ရက်က **(အပေါ်ပုံ)** လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

ကသစ်ဝိုင်ဓမ္မရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ ကသစ်ဝိုင်ဓမ္မရိပ်သာကြီး၌ ၁၃၆၆ခုနှစ် ဝါဆိုတော်မူကြမည့် သံဃာတော်အရှင်သူမြတ်တို့အား ကသစ်ဝိုင်ဓမ္မရိပ်သာကြီး၏ပဋိပတ္တိသာသနာအကျိုးဆောင်အဖွဲ့ကကြီးမှူး၍ ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင် ၃၁ ရက်) နံနက် ၉ နာရီတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပြီး အုပ်ချုပ်ရေးနာယကဆရာတော် အရှင်ကဝိန္ဒအရှင်သူမြတ်က အနုမောဒနာတရားဟောကြားမည်ဟုသိရသည်။ **(က–ပ)**

အိန္ဒိယနိုင်ငံမှ ပုံနှိပ်စက်ကြီးများထုတ်လုပ်သော The Printers House Private Limitedကုမ္ပဏီ၏ ဖိတ်ကြားချက်အရ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှပုံနှိပ်ကျွမ်းကျင်သူ ခြောက်ဦးနှင့်အတူ TPHဌာနေကိုယ်စားလှယ်တို့ ဇူလိုင် ၁၂ရက်က နယူးဒေလီမြို့သို့လေကြောင်းခရီးဖြင့် မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။ (က–ပ)

ချင်းတွင်းနှင့်မြစ်ကြီးရော စိုးရိမ်ရေမှတ်များ

ရန်ကုန် ဇူလိုင် ၁၃

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ခန္တီးမြို့တွင် ၁၄၈၂ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်အရ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၁၅၁ စင်တီမီတာနှင့် ၁၀၄၂ စင်တီမီတာအသီးသီးသို့ရောက်ရှိနေပြီး၊ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် ၁၁၅၀ စင်တီ မီတာနှင့် ၁၀၄၀စင်တီမီတာ အောက်သို့ အသီးသီး ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ **(မြန်မာ့အလင်း)**

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေ

ရန်ကုန် ဇူလိုင် ၁၃

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့်မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေကြောင်း သိရသည်။

ဇူလိုင်၁၄ရက်ညနေအထိခန့်မှန်းချက်အရ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်ပြီး ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေသဝနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (မြန်မာ့အလင်း)

ဇူလိုင် ၇ ရက်က ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က အခြေခံပညာ အထက်တန်းအဆင့် တက္ကသိုလ်ဝင်တန်းကျောင်းသူ မရွှေဇင်မွန်အား ပညာသင်ထောက်ပံ့ကြေးပေးအပ်စဉ်။ (ပို့ဆောင်ရေး)

ဇူလိုင်၉ရက်က Mo. Asia Company Ltd. Dumex မှ ဗဟန်း ရွှေဂုံတိုင် လူမှုဝန်ထမ်းဦးစီးဌာန ကလေးပြုစုရေးဌာနအတွက် ငွေကျပ် ၂၈၄၁၀၀တန်ဖိုးရှိ Dumex နို့မှုန့်များ လှူဒါန်းရာ လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးမြသွင်က လက်ခံယူစဉ်။ (က–ပ)

■ *ကျောဖုံးမှ*

စပါးဧက တစ်သိန်းအထိ တိုးတက်စိုက်ပျိုးရန် လျာထားသတ်မှတ်ခဲ့ရာ ဧကပေါင်း ၁၀၄၀၈၈ဧကအထိ စိုက်ပျိုးနိုင်ခဲ့သဖြင့် တစ်ဧကအထွက်နှုန်း ၁၂၅ဒသမ ၀၄ နှုန်း ထွက်သောကြောင့် စပါးတင်းပေါင်း ၁၃၀၁၄၁၅၅တင်း ရရှိခဲ့ကြောင်း သိရသည်။

ပြည်နယ်တစ်ခုလုံး

သို့ဖြစ်၍ ယခုအခါ ဒေသဝမ်းစာဖူလုံမှုရာခိုင်နှုန်းမှာ ပြည်နယ်တစ်ခုလုံး ၉၀ရာခိုင်နှုန်းကျော်အထိ တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ဆက်လက်၍ ရာခိုင်နှုန်းပြည့်ရရှိစေရန် ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါးများကို ပြည်နယ်တစ်ခုလုံး တိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်လျက်ရှိသည်။

ဆင်းရွှေလီစပါး တိုးချဲ့စိုက်ပျိုးရာတွင် စပါးမျိုးစေ့ကို တစ်ဖက်နိုင်ငံမှ နှစ်စဉ်ဝယ်ယူရခြင်း၊ မျိုးစေ့ဈေးနှုန်းကြီးမြင့်ခြင်း စသည့် အဟန့်အတားများ ကျော်လွှားနိုင်ရန်အတွက် ပြည်နယ်၏အစီအစဉ်ဖြင့် ဆင်းရွှေလီ (D-You–

"ခုတော့ မူဆယ်မြို့နယ်က တောင်သူလယ်သမားတွေ ဆင်းရွှေလီစပါး စိုက်ပျိုးနည်း ၁၅ချက်ကို ကြေညက်စွာ နားလည်နေကြပါပြီ" ဟု ပြောပြသူ မူဆယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်အောင်လွင်။

(ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်)

၇၁၈) စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းများ အောင်မြင်စွာထုတ်လုပ်နေပုံ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကူညီပံ့ပိုးပေးနေပုံများကို လားရှိုးမြို့ ဟူးမွန်ရွာတွင် မြန်မာ့အလင်းသတင်းစာအဖွဲ့က ကွင်းဆင်းလေ့လာရေးသားတင်ပြခဲ့ကြပြီး ဖြစ်ပေသည်။

မူဆယ်ခရိုင်

အဆိုပါ ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါးစတင်စိုက်ပျိုးမှုလုပ်ငန်းကို ပြည်နယ်ဒေသအတွင်း၌ မူဆယ်ခရိုင်က စတင်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ ရောက်ရှိနေသော မြန်မာ့အလင်းသတင်းအဖွဲ့သည် စပ်မျိုးစပါးစိုက်ပျိုးထားသော လားရှိုးမြို့ ဟူးမွန်မျိုးသန့်ခြံ၌ ကျင်းပသည့် ဝတ်မှုန်ကူးပွဲတော်သို့ တက်ရောက်လေ့လာပြီးနောက် လားရှိုးမှ မူဆယ်သို့ ခရီးဆက်ခဲ့ကြသည်။

မိမိတို့သတင်းအဖွဲ့ မူဆယ်ရောက်တော့ ညနေစောင်းနေပြီဖြစ်၍ ခရိုင်မှ တာဝန်ရှိသူများက ရွှေလီမြစ်၏ နံဘေးတောင်ကုန်းပေါ်၌ ဆောက်လုပ်ထားသော ဗိုလ်တဲခေါ် ဧည့်ရိပ်သာ၌ နေရာချထားပေးကြသည်။ နောက်တစ်နေ့နံနက်ပိုင်း၌ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း၊ မူဆယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်အောင်လွင်၊ စိုက်ပျိုးရေး၊ မြေစာရင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံကြသည်။

စိုက်ပျိုးအောင်မြင်နေမှု

ယင်းသို့တွေ့ဆုံရာ၌ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက မူဆယ်ခရိုင်၏ ဒေသဝမ်းစာ ဆန်ဖူလုံရေးအတွက် တစ်ဧကတင်း ၂၀၀ထွက်ရှိမည့် စံပြကွက်များ စိုက်ပျိုးအောင်မြင်နေမှုနှင့် ဆင်းရွှေလီစပါး မျိုးစေ့ထုတ် စီမံစိုက်ပျိုးမှုအခြေအနေများကို ရှင်းပြကြသည်။

မြို့နယ်သုံးခု

ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက ရှင်းပြရာတွင် မူဆယ်ခရိုင်တွင် မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ် သုံးခုရှိပြီး မြို့နယ်ခွဲအဖြစ် မန်ဟီးရိုး၊ မုံးကိုး၊ တာမိုးညဲမြို့နယ်ခွဲသုံးခု၊ ကျေးရွာအုပ်စု ၁၇၄စုရှိပြီး လူဦးရေစုစုပေါင်း ၄၁၀၁၂၀ရှိကြောင်း၊ လူဦးရေစုစုပေါင်း၏ ၆၀ရာခိုင်နှုန်းမှာ ကျေးလက်တောရွာများ၌နေသည့် ဒေသခံတောင်သူများဖြစ်ကြ၍ ၃၀ရာခိုင်နှုန်းမှာ မြို့နေ ကုန်သွယ်မှုဝန်ဆောင်မှုလုပ်ငန်းများ ပြုလုပ်ကြကြောင်း။

၂၀၀၂ ခုနှစ် ဧပြီလ ၁၅ရက်နေ့က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ မူဆယ်မြို့ခရီးစဉ်တွင် မူဆယ်ခရိုင်၏ ဒေသဝမ်းစာဆန်ဖူလုံရေးမှာ ၇၀ ဒသမ ၇၈ရာခိုင်နှုန်းသာရှိရာ ဒေသဝမ်းစာဆန် ဖူလုံရေးအတွက် ၂၀၀၁–၂၀၀၂ မှ ၂၀၀၅–၂၀၀၆ ခုနှစ်အထိ ကာလတိုင်းနှစ်စီမံကိန်းရည်မှန်းချက်အရ တစ်ဧကအထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးမှသာလျှင် ဖူလုံနိုင်မည့် အခြေအနေတွင်ရှိသဖြင့် နိုင်ငံတော်အကြီးအကဲက ဒေသဝမ်းစာဖူလုံရေးကို အလေးထား၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ "ဒေသဝမ်းစာဖူလုံရေးသည် အမျိုးသားရေးတာဝန်ဖြစ်သည်"ဟုခံယူ၍ မူဆယ်ခရိုင်တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၏ စီမံမှုဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်စေမည့် အထူးအထွက်တိုး ဆင်းရွှေလီ စပ်မျိုးစပါးများကို ပြောင်းလဲသုံးစွဲ စိုက်ပျိုးခဲ့ကြကြောင်း။

အထူးအထွက်တိုး ဆင်းရွှေလီစပါးကို ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဧကတစ်သိန်းစိုက်ပျိုးရန်စီစဉ်မှုအပေါ် မူဆယ်ခရိုင်အနေဖြင့် မိုးစပါးဧက ၃၀၈၈၅ ဧကနှင့် နွေစပါး ဧက၅၈၀၀ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း။

ယခုအခါ ခရိုင်အတွင်း ဒေသဝမ်းစာဖူလုံမှုအနေဖြင့် ၂၀၀၁–၂၀၀၂ ခုနှစ်တွင် ၇၀ဒသမ ၇၈ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၀၂–၂၀၀၃ခုနှစ်တွင် ၁၀၂ ဒသမ ၈၆ရာခိုင်နှုန်းအထိ တိုးတက်ရရှိခဲ့ပြီး ၂၀၀၃–၂၀၀၄ခုနှစ်တွင် ၁၁၄ ဒသမ ၃၈ရာခိုင်နှုန်းအထိ တိုးတက်ရရှိနေပြီဖြစ်ကြောင်း။

ဒေသဝမ်းစာ

ဒေသဝမ်းစာဖူလုံမှုရှိနေပြီဖြစ်သော်လည်း တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)တွက်ချက်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍမှပါဝင်သည့် လယ်ယာကဏ္ဍ တိုးတက်ဖော်ဆောင်နိုင်ရေးအတွက် ၂၀၀၃–၂၀၀၄ နွေစပါးစိုက်ပျိုးရာတွင် တစ်ဧက တင်း ၂၀၀ စံပြစိုက်ကွက်များ မူဆယ်တွင် ၂၅ဧကနှင့် နမ့်ခမ်းတွင် ၇၅ဧက စုစုပေါင်း ဧက၁၀၀ စိုက်ပျိုးထားရှိကြောင်း ရှင်းပြသည်။

လိုက်လံပြသ

ထို့နောက် မိမိတို့မြန်မာ့အလင်းသတင်းအဖွဲ့အား တစ်ဧက တင်း၂၀၀ ရည်မှန်းချက်ဖြင့် ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါး စံပြကွက်များစိုက်ပျိုးထားရှိရာ မူဆယ်မြို့နယ် တိန်းလုံကျေးရွာအုပ်စု၊ ဖိုင်ကျောင်းကျေးရွာအုပ်စုနှင့် နမ့်ခမ်းမြို့နယ် နမ့်တီး ကျေးရွာအုပ်စုတို့ကို မူဆယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်အောင်လွင်နှင့် နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးအောင်ဇော်လတ်တို့က လိုက်လံပြသကြသည်။

စံပြကွက်များ

မူဆယ်နှင့် နမ့်ခမ်းမြို့နယ်တွင် တစ်ဧက တင်း၂၀၀ ဦးတည်ရည်မှန်းစိုက်ပျိုးထားသော စံပြကွက်များမှ စပါးပင်များသည် စပါးသီးများ ပင်လုံးညွတ်သီးနေကြသည်ကိုတွေ့ရသည်။ စပါးစိုက်ခင်းများကိုလိုက်ကြည့်ကြစဉ် မိမိက "စပါးခင်းများကောင်းလိုက်တာ စိုက်နည်းစနစ်လေးများ ပြောပြပါဦး"ဆိုတော့ ဗိုလ်ကြီးအောင်အောင်လွင်နှင့် ဗိုလ်မှူးအောင်ဇော်လတ်တို့က "ဆင်းရွှေလီစပါးမျိုးကို အခြားစပါးများစိုက်ပျိုးသလို စိုက်၍မရကြောင်း၊ စိုက်ပျိုးနည်းစနစ်မှာ တစ်မူထူးခြားသည့်အတွက် နည်းစနစ်ကို အထူးလိုက်နာ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မလိုက်နာပါက အမြင့်ဆုံးအထွက်နှုန်းမရနိုင်ကြောင်းနှင့် လိုက်နာရမည့်အချက် ၁၅ချက်ရှိကြောင်း"တို့ကို အောက်ပါအတိုင်း ပြောပြပါသည်။

"ဒီဆင်းရွှေလီ အထွက်ကောင်းမျိုးစပါးများ မစိုက်ပျိုးပါနဲ့ဟု တားတာတောင် စိုက်ပျိုးမှာပဲ"ဟု ပြောပြသူ နမ့်ခမ်းမြို့နယ် နမ့်တီးကျေးရွာမှ တောင်သူလယ်သမားကြီး တစ်ဦး။

(ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်)

ဆင်းရွှေလီ အထူးအထွက်တိုးစပါး စိုက်ပျိုးရာတွင် လိုက်နာရမည့် အချက်(၁၅)ချက်

၁။ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပါ။ (ပျိုးပင်များအား ပြုစုကြီးကြပ်ရန် လွယ်ကူရေးအတွက်) (တစ်ဧကစာ ၃ပေ Xပေ၁၂၀ X၄လက်မ)အရွယ် ပျိုးပေါင်လိုအပ်ပါသည်။

၂။ မျိုးညှောင့်ဖောက်ပြီး စပါးတစ်စေ့နှင့်တစ်စေ့ တစ်လက်မကျော်အကွာ ညီညာစွာကြဲပါ။ မျိုးစေ့(၇၀ရာခိုင်နှုန်း)ကို ပထမအကြိမ် ကြဲပက်ပါ။ ယင်းနောက် မျိုးစေ့လက်ကျန်ဖြင့် မျိုးစေ့များ ကောင်းစွာညီညာ ပြန့်ကျဲမှုရှိစေရန် ထပ်မံကြဲပက်ပါ။ မျိုးစေ့များ ပူးကပ်ခြင်းမရှိစေရန် သတိပြုရပါမည်။

၃။ မျိုးစေ့ကို မြေဆွေးမှုန့်(သို့)နွားချေးမှုန့်ဖြင့် ကြဲပက်ပြီး ဖုံးပေးရပါမည်။

၄။ ပျိုးပေါင်မပြတ်စိုနေရပါမည်။ သို့ရာတွင် ပျိုးပင်အရပ် တစ်လက်မခန့် အရွယ်ရောက်သည်အထိ အစေ့များမပုပ်သွားစေရန် ရေလွှမ်းခြင်း မလုပ်ရပါ။ ပျိုးသက်ကာလမှာပင် ပင်ပွားများထွက်ရှိသည့်အတွက် ပျိုးပေါင်ပေါ်တွင် ရေမပြတ် ပါးပါးသွင်းထားပေးရပါမည်။

၅။ ပျိုးသက်(၂၅–၃၀)ရက်သား၊ ပင်ပွား(၃–၅)ပင်ရှိချိန် ပြောင်းရွှေ့စိုက်ပါ။ (ပျိုးပင်ကို ညင်သာစွာကိုင်တွယ်ပြီး နေ့ချင်းစိုက်ပါ။)

၆။ ပြောင်းရွှေ့စိုက်ချိန်မှစ၍ ပင်ပွားများ ဆက်တိုက်ထွက်နိုင်ရန်အတွက် လယ်ကွက်များတွင် ရေမပြတ်ရှိစေရန် နှစ်လက်မခန့်အမြင့် ရေမပြတ် သွင်းထားရပါမည်။

၇။ တစ်ဧက ကောက်ကွက် (၁ဒသမ၁သိန်း)မှ (၁ဒသမ၂သိန်း) ဝင်အောင် (၉လက်မ X၆လက်မ) စိုက်စနစ်ဖြင့်စိုက်ပါ။

၈။ ကောက်ချက်တစ်ချက်တွင် တစ်စေ့မှရသော ပင်ပွား(၄–၅)ပင်ပါ ပျိုးပင် တစ်မြုံ (သို့) ပင်ပွား (၂–၃)ပင်ပါ ပျိုးပင်နှစ်မြုံဖြင့် စိုက်ပါ။

၉။ ပျိုးပင်များကို (၁လက်မခွဲ)ထက် မနက်စေဘဲ တိမ်တိမ်စိုက်ရပါမည်။

၁၀။ ပျိုးခင်းတွင် မြေဩဇာသုံးကြိမ် (မြေခံ/၁၀–၁၄ ရက်/ပျိုးမနုတ်မီ ၅ ရက်) စိုက်ခင်းတွင် မြေဩဇာသုံးကြိမ် (မြေခံ/ပင်ပွား/မှိုကပ်)ကျွေးပါ။ (စုစုပေါင်း နွားချေးအစီးနှစ်ဆယ်၊ ယူရီးယားနှစ်အိတ်၊ တီစူပါတစ်အိတ်၊ ပိုတက်ရှ် အိတ်တစ်ဝက်)။

၁၁။ ပေါင်းမြက်များမပေါက်နိုင်အောင်နှင့် ပင်ပွားနှုန်းကောင်းရန်အတွက် ရေမပြတ်သွင်းထားရန် လိုပါသည်။

၁၂။ စပါးအပင်ပွားချိန် ရေကို(၂လက်မ၊ ၃လက်မ)ခန့် ထိန်းထားပြီး မှိုကပ်ချိန်မှ ပန်းပွင့်ချိန်အထိ ရေ(၄)လက်မကျော်အောင် တိုးမြှင့်ထားပါ။ (ရေလုံးဝမပြတ်အောင် ဂရုပြုပါ)။

၁၃။ ပိုးမွှားရောဂါကြိုတင်ကာကွယ်ပါ။ (ပိုးမွှားကျရောက်ပါက စိုက်ပျိုးရေးဌာနနှင့် အမြန်ဆက်သွယ်ပါ)။

(က) မျိုးစေ့ကို ဆေးစီရင်ပြီးမှ အညှောင့်ဖောက်ပါ။

(ခ) ရွှေ့ပြောင်းမစိုက်ခင်ငါးရက်တွင် ပျိုးခင်းကို ပိုးမွှားရောဂါကာကွယ်ဆေးဖျန်းပါ။

(ဂ) ပန်းမပွင့်မီ ၁၀ရက်အလိုတွင် ပိုးမွှားရောဂါကာကွယ်ဆေးများ ဖျန်းပါ။

၁၄။ စပါးနှံများ ရင့်မှည့်စပြုချိန်၊ ကောက်နှံစတင်ငိုက်ချိန်တွင် နောက်ထပ်ပင်ပွားများ ထွက်မလာစေရန်နှင့် ရင့်မှည့်မှုညီညာစေရန်အတွက် ရေစင်အောင် ထုတ်ပစ်ရပါမည်။

၁၅။ မောင်းညိုချိန် ရင့်မှည့်ချိန်မလွန်မီတွင် (အလေအလွင့်နည်းစေရန်) တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းရမည်ဖြစ်သည်။

မူဆယ်နှင့် နမ့်ခမ်းက တောင်သူလယ်သမားတွေကမူ ဖော်ပြပါလိုက်နာရမည့် စိုက်ပျိုးနည်းစနစ် ၁၅ချက်နှင့် အသားကျနေကြပြီဟုလည်း ဆိုသည်။

မိမိတို့သတင်းအဖွဲ့အား မြို့နယ်ဥက္ကဋ္ဌများက စိုက်ပျိုးသူတောင်သူလယ်သမားများနှင့် တွေ့ပေးသည်။ ဆင်းရွှေလီစပါးအကြောင်း တီးခေါက်ကြည့်ရာ စပါးအထွက်ကောင်းသည်၊ စပါးအထွက်ကောင်းတော့ သူတို့အတွက် ဝင်ငွေကောင်းသည်။ သည်စပါးမျိုးကို အခုအချိန်မှာ မစိုက်ပါနှင့်ဆိုပြီးတားလျှင်မူ သည်ဒေသက လယ်သမားတွေကတော့ တား၍ရမှာမဟုတ်ကြောင်း ပြောပြလိုက်ကြသည်။

အပြန်ခရီးတွင် ဒေသဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်တို့၏ ကြိုးကြပ်မှု၊ ပံ့ပိုးမှုများဖြင့် စိုက်ပျိုးထားသော ဆင်းရွှေလီ အထူးအထွက်တိုးစပါးခင်းများက ကားလမ်းနံဘေးဝဲယာတစ်လျှောက် စိမ်းမြမြဖြင့် ယိမ်းကနေကြပေသည်။ ။

(မြန်မာ့အလင်း)

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးသစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၃

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြင့် ရှားပြင်ကြိုးဝိုင်းပြန်လည်စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ဇူလိုင်၁၁ရက် နံနက်က ရှားပြင်ကြိုးဝိုင်းအကွက် အမှတ်(၃)တွင် ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း)တိုင်းခွဲဥက္ကဋ္ဌဗိုလ်မှူးကြီးလှမင်းနှင့် အဖွဲ့ဝင်များ၊ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေး၊ ပေါက်ခေါင်းမြို့နယ်ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း(အနောက်ပိုင်း)သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဌွေ၊ ပြည်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းဝင်းနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း)တိုင်းခွဲဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းက အဖွင့်အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဌွေက ရှားပြင်ကြိုးဝိုင်းအတွင်း သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း)တိုင်းခွဲဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့် တာဝန်ရှိသူများသည် ကျွန်းနှင့် မဲဇလီပင်၄၀၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။

ရှားပြင်သစ်တောကြိုးဝိုင်း တည်ရှိသည့် ပေါက်ခေါင်းမြို့နယ် သဲကုန်းမြို့နယ်နှင့် ပေါင်းတည်မြို့နယ်များတွင် ယခုနှစ်ကျွန်းစိုက်ခင်း ဧက၂၀၀ နှင့် နန်းတားပင်တန်းအဖြစ် မဲဇလီပင်များ စိုက်ပျိုးခြင်းကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း)တိုင်းခွဲဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် သစ်တောဦးစီးဌာနက စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ (၄၀၃)

မူဆယ်မြို့နယ် မျိုးသန့်ခြံ အနီးရှိ တောင်သူလယ်သမားကြီးတို့၏ လယ်ယာမြေတွင် ဆင်းရွှေလီ အထူး အထွက်တိုး စပ်မျိုး စပါးများ ပျိုးကြဲပွဲတော်ပြုလုပ်၍ ပျိုးကြဲ ပျိုးထောင် စိုက်ပျိုးနေကြသည်ကို ဤသို့ တွေ့ခဲ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်အောင်မြင်ရေး အမျိုးသမီးများမိမိဆန္ဒအလျောက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်ဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းသိကောင်းစရာ ဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် တက်ရောက်၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးဟောပြောသည်။

ဟောပြောပွဲသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်မာအေး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ဇနီး ဒေါ်စိုးဝတ်ရည်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ လုပ်ငန်းဌာနများမှ အမျိုးသမီးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်း ၅၄၀ တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

ဟောပြောပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ရည်ရွယ်ချက် (၇)ချက်၊ ဖွဲ့စည်းပုံ အဆင့်ဆင့်၊ လုပ်ငန်းအဖွဲ့(၁၆)ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းစီမံချက်တို့ကို ကဏ္ဍငါးရပ်ခွဲ၍ ရှင်းလင်း ဟောပြောပြီး "အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းဆောင်ရွက်စို့" ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ မွန်မြတ်သောရည်ရွယ်ချက်များအောင်မြင်ရေး၊ အမျိုးသမီးများ မိမိဆန္ဒအလျောက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး ဆွေးနွေးပြောကြားသွားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်မာအေးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အတွက် ဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ် သုံးသိန်းကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်ထံသို့ ပေးအပ်ပြီး ဟောပြောပွဲကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲ အခမ်းအနားကို စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် ရှင်းလင်းဟောပြောစဉ်။

(စွမ်းအင်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၁၃

၂၀၀၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၁၂ရက် နံနက်၉နာရီက တောင်ငူမြို့ နယ်မြေခံတပ်နယ်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှဦးစီးအရာရှိကြီးများ၊ တောင်ငူတပ်နယ်မှ တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိစစ်သည်များ၊ အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲခုံ(၁) ကစားပွဲ ပထမရွှေ့ကွက်ကို စတင်ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။အဆိုပါပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းပါဝင် ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇူလိုင် ၁၆ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်း စရာ ဟောပြောပွဲအပြီးတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ဇူလိုင် ၂၃ရက်မှ ဩဂုတ် ၃ရက်အထိ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူး၍ ၂၀၀၄ခုနှစ် အကြိမ် (၃၀) မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ဇူလိုင် ၂၃ရက်မှ ဩဂုတ် ၃ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံခန်းမတွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲများ

ပြိုင်ပွဲတွင် ပထမတန်းအသင်းလိုက်ပြိုင်ပွဲ၊ ဒုတိယတန်းအသင်းလိုက်ပြိုင်ပွဲ၊ တတိယတန်းအသင်းလိုက်ပြိုင်ပွဲ၊ ၂၅မိနစ် အသင်းလိုက်အမြန်ရွှေ့ပြိုင်ပွဲများပါဝင်သည်။

ပထမတန်းပြိုင်ပွဲတွင် မည်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ဒုတိယတန်းပြိုင်ပွဲတွင် (၂၉)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံစစ်တုရင်ပြိုင်ပွဲ ပထမတန်းပြိုင်ပွဲ၌ ပထမရရှိသောအသင်းမှ အားကစားသမားများ၊ ဒုတိယတန်းပြိုင်ပွဲ၌ ပထမရရှိသော အားကစားသမားများနှင့် ၂၀၀၄ခုနှစ် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲမှ ပဏ္ဍာမ မြန်မာ့လက်ရွေးစင် ရှစ်ဦးတို့အား ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း။

တတိယတန်းပြိုင်ပွဲ၌ အထက်ဖော်ပြပါ အားကစားသမားများအပြင် ၁၉၉၅ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အမျိုးသား တံခွန်စိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ကြသည့် အမျိုးသားတံခွန်စိုက်လက်ရွေးစင်များနှင့် (၂၉) ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ တတိယတန်းပြိုင်ပွဲ၌ ပထမရရှိခဲ့သောအသင်းမှ အားကစားသမားများနှင့် မြန်မာနိုင်ငံအမျိုးသားတံခွန်စိုက် ချန်ပီယံများ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်မည်

ယခုကျင်းပမည့် ပြိုင်ပွဲ ပထမတန်း၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရ ၁၀သင်းမှာ မြို့တော်စည်ပင်(က)၊ပြည်ထဲရေး(က)၊ သစ်တောရေးရာ(က)၊ လယ်ယာ/ဆည်မြောင်း(က)၊လူမှုဝန်ထမ်း၊မြို့တော်စည်ပင်(ခ)၊ လယ်ယာ/ဆည်မြောင်း (ခ)၊ကာကွယ်ရေးဝန်ကြီးဌာန(က) အသင်း၊ ပြည်ထဲရေး(ခ)နှင့် သစ်တောရေးရာ(ခ)အသင်းတို့ဖြစ်ပြီး ဒုတိယတန်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရ ၁၀ သင်းမှာ မြို့တော်စည်ပင် (ဂ)နှင့်(ဃ)၊ လယ်ယာ/ဆည်မြောင်း (ဂ)နှင့်(ဃ)၊ ကာကွယ်ရေးဝန်ကြီး ဌာန(ခ)နှင့် (ဂ)၊ ပြည်ထဲရေး (ဂ)နှင့် (ဃ)၊ သစ်တောရေးရာ (ဂ)နှင့် ပို့ဆောင်ရေးအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယှဉ်ပြိုင်ခွင့်

တတိယတန်းပြိုင်ပွဲ၌ ဝန်ကြီးဌာန တစ်ခုလျှင် တစ်သင်း သို့မဟုတ် နှစ်သင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး ၂၅ မိနစ်အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲ (Rapid Chess)ပြိုင်ပွဲ၌ ဝန်ကြီးဌာနတစ်ခုလျှင် တစ်သင်း သို့မဟုတ် နှစ်သင်းအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအ မှတ်အဖြစ် ဇူလိုင် ၁၁ရက်က သာကေတ မြို့နယ် အမှတ် (၅) အ ခြေ ခံ ပ ညာ အလယ်တန်းကျောင်းတွင် ကျောင်းအုပ် ဆရာကြီး ဦးချစ်အေး ဦးဆောင်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း သစ်ပင် စိုက်ပျိုးကြစဉ်။

(က-ပ)

ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးသော အမျိုးသမီးများပေါ်ထွန်းရေး မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၃

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်းသိကောင်းစရာ ဟောပြောပွဲကို ယနေ့နံနက်၁၀နာရီတွင် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးနှင့်စီမံရေးရာအဖွဲ့အကြံပေးပုဂ္ဂိုလ် ဒေါ်ကြူကြူဝင်း နှင့် အမျိုးသမီးဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြသည်။

ပူးပေါင်းပါဝင်

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက် (၇)ချက်နှင့် လုပ်ငန်းအဖွဲ့ (၁၆)ခု၏ လုပ်ငန်းတာဝန်များ၊ အမျိုးသမီးရေးရာလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးရေးအတွက် အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်ပုံများကိုရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သောရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ဇာတိမာန်ထက်သန်သော အမျိုးသမီးများ၊ ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုး တိုးတက်၍ အားမာန်ပြည့်ဝသော မြန်မာအမျိုးသမီးများ ပေါ်ထွန်းရေးကို မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရန် ပြောကြားသွားသည်။

အလှူငွေပေးအပ်

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ အလှူငွေကျပ် ၁၀၀၀၀၀ ကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး၏ဇနီး ဒေါ်ကြူကြူဝင်းက ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သို့ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၂-၇-၂၀၀၄

ရွှေဘိုမြို့	၄ ဒသမ ၈၄ လက်မ
သထုံမြို့	၃ ဒသမ ၇၀ လက်မ
မိုးကုတ်မြို့	၃ ဒသမ ၆၂ လက်မ
ဘားအံမြို့	၂ ဒသမ ၆၈ လက်မ
မော်လိုက်မြို့	၂ ဒသမ ၂၄ လက်မ
မကွေးမြို့	၂ ဒသမ ၀၅ လက်မ

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မှတ်သားဖွယ် မိုးရေချိန်များ

၁၃-၇-၂၀၀၄

ရန်ကုန်မြို့လယ်	၂ ဒသမ ၁၇ လက်မ
ကမ္ဘာအေး	၁ ဒသမ ၃၇ လက်မ
မင်္ဂလာဒုံ	၁ ဒသမ ၁၁ လက်မ

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

ရွှေသာယာ Wagon မော်တော်ကားထုတ်လုပ်ရေးတိုးချဲ့လုပ်ကိုင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ စက်ရုံမှူး ကျား(၁)ဦး
၂။ လက်ထောက်စက်ရုံမှူး ကျား(၁)ဦး
၃။ ကြီးကြပ်ရေးမှူး ကျား(၂)ဦး
၄။ မော်တော်ယာဉ်ကိုယ်ထည်လုပ်ငန်းကျွမ်းကျင်သူ ကျား(၁၀)ဦး
၅။ ကားကြီး၊ ကားလေးဖရိန်ပိုင်းဆိုင်ရာကျွမ်းကျင်သူ ကျား(၁၀)ဦး

အမှတ်စဉ်(၁) – B.E(Mechanical)အောင်မြင်ထားသူဖြစ်ပြီးလုပ်ငန်း အတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည့်အပြင်အသက်(၃၆)နှစ်အထက်ဖြစ်ရမည်။ မော်တော်ကား အတွေ့အကြုံရှိသူအား ဦးစားပေးမည်။
အမှတ်စဉ်(၂) – B.E(Mechanical)အောင်မြင်ထားသူဖြစ်ပြီး Autocad တတ်မြောက်ထားသူဖြစ်ပြီး အသက်(၄၅)နှစ်အောက်ဖြစ်ရမည်။
အမှတ်စဉ်(၃) – A.G.T.I(Machine Tools)အောင်မြင်ထားသူဖြစ်ပြီး မော်တော်ယာဉ်ဒိုင်ပုံစံနှင့် စက်ပစ္စည်းအစိတ်အပိုင်း ဒိုင်းပုံစံထုတ်ခြင်းများ ဆောင်ရွက်နိုင်ရမည်။ တွင်ခုံနှင့် ဂဟေဆက်ခြင်း လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။
အမှတ်စဉ်(၄) – မော်တော်ယာဉ်ကိုယ်ထည်အစိတ်အပိုင်းအားလုံးကို ပုံစံထုတ်သည့်အတိုင်း ကျွမ်းကျင်စွာ ထုလုပ်နိုင်သူဖြစ်ရမည်။
အမှတ်စဉ်(၅) – ဖရိန်ပိုင်းဆိုင်ရာဂဟေဆက်ခြင်းကျွမ်းကျင်သူဖြစ်ရမည်။

အလုပ်လျှောက်လွှာများကို အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံစာ၊ ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံအတွက် လိုအပ်သော အထောက်အထား မိတ္တူများ၊ ကိုယ်ရေးသမိုင်းအကျဉ်းစသည်တို့ကို ကြော်ငြာပါသည့်နေ့မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လျှောက်ထားနိုင်သည်။

မှတ်ချက်။ (၁) လုပ်ငန်းအတွေ့အကြုံရှိသူအငြိမ်းစားများပါ လျှောက်ထားနိုင်သည်။
(၂) နယ်မှလျှောက်ထားသူများ ခန့်ထားခြင်းခံရပါက နေထိုင်ရေး အခက်အခဲရှိလျှင် စီစဉ်ပေးမည်။
(၃) လုပ်ငန်းအပေါ် စိတ်ဝင်စားပြီး ရေရှည်တိုးတက်ရန် ကြိုးစားဆောင်ရွက်လိုသူများသာ လျှောက်ထားနိုင်ပါသည်။

မိဘကျေးဇူးကုမ္ပဏီလီမိတက်
အမှတ် ၃၄၊မြေညီထပ်၊စဥ့်အိုးတန်းလမ်း(အောက်ဘလောက်)၊လသာမြို့နယ်။

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၃

နှစ်စဉ် ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို မြောင်းမြမြို့နယ်သူ မြို့နယ်သားများနှင့် ကျောင်းတိုက်ဝေယျာဝစ္စ ဒါယကာဒါယိကာမများ စုပေါင်း၍ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ B.O.C(ဘီအိုစီ) ပိဋကတ်တိုက်ကျောင်းတွင် ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ နှစ်စဉ်လှူဒါန်းသည့်အတိုင်း ဝါဆိုသင်္ကန်းများနှင့် ဆွမ်း၊ ဆွမ်းဟင်းများ ချက်ပြုတ် ယူဆောင်၍ စုပေါင်းကပ်လှူကြမည်ဖြစ်သည်။

ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း–၅၅၈၅၄၃၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးမျိုးကြည် ဖုန်း–၅၇၈၆၃၈၊ ဦးသန့်ဇင် ဖုန်း–၀၉–၉၉–၂၂၁၉၇၊ ဒုတိယ ဗိုလ်မှူးကြီးသက်စိုး(ငြိမ်း) ရုံး–၂၅၁၅၇၅၊ အိမ်–၃၇၁၃၃၈၊ ဒေါ်သန်းမြင့် ဖုန်း–၅၁၆၂၆၈နှင့် အတွင်းရေးမှူး ဦးလှဖေ ဖုန်း–၇၀၅၈၅၈၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်ထွန်း ဖုန်း–၇၀၉၁၀၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မိတ္ထီလာစီးပွားရေးတက္ကသိုလ်
ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(အမ်ပီအေ)သင်တန်း

ဝင်ခွင့်စာမေးပွဲအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် စတင်ဖွင့်လှစ်မည့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမဟာဘွဲ့ (အမ်ပီအေ)သင်တန်းကို ၂၀၀၄ ခုနှစ် ဩဂုတ်လတွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ပထမနှစ်သင်တန်းအတွက် အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် အမ်ပီအေသင်တန်း ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ဝယ်ယူတင်သွင်းနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) အခြားသင်တန်းတစ်ခုခုတွင် အချိန်ပြည့် တက်ရောက်နေသူမဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) စီမံခန့်ခွဲမှုအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
၂။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ များကို အသုံးချဘောဂဗေဒဌာန G ဆောင်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာမြို့တွင် ၂၆–၇–၂၀၀၄ ရက်နေ့မှစ၍ ဝယ်ယူနိုင်ပါသည်။
၃။ ဝင်ခွင့်စာမေးပွဲအတွက် လျှောက်လွှာများကို ၆–၈–၂၀၀၄ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ၊ မိတ္ထီလာစီးပွားရေး တက္ကသိုလ် လာရောက်လျှောက်ထားနိုင်သည်။
၄။ ဝင်ခွင့်စာမေးပွဲကို ၂၀၀၄ခုနှစ် ဩဂုတ်လ၁၆ရက် (တနင်္လာနေ့)တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ကျင်းပမည်။
၅။ ဝင်ခွင့်စာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။
၆။ သင်တန်းနှင့် ပတ်သက်၍ အောက်ပါဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။
(က) အသုံးချဘောဂဗေဒဌာန G ဆောင်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊
ဖုန်း–၀၂–၆၇၆၅၂၊ ၀၆၄–၅၀၂၈၁၊ လိုင်းခွဲ–၁၃၇
(ခ) ဌာနမှူး သင်တန်းရေးရာဌာန ဖုန်း–၀၆၄–၅၀၂၈၂
(ဂ) မော်ကွန်းထိန်း မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဖုန်း–၀၆၄–၅၀၂၈၂

အောင်အောင်စိုး
မော်ကွန်းထိန်း၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်။

မိုင်းဖြတ်တွင်မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ကောက်စိုက်နည်းပညာဟောပြော

မိုင်းဖြတ် ဇူလိုင် ၄

မိုင်းဖြတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု စိုက်ပျိုးပညာပေးစခန်း၌ ဇွန် ၃၀ရက်က ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးတစ်ဧကတင်း ၁၀၀ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမျိုးညွန့်က အမှာစကား ပြောကြားပြီး မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ ခရိုင်မန်နေဂျာဦးအောင်မြင့်နှင့် မြို့နယ်မန်နေဂျာ ဦးယဉ်ထွန်းတို့က မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးရေး၊ စိုက်စနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးတို့နှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းဟောပြောကြသည်။

သရုပ်ပြ

အလားတူ ဇွန်၂၄ရက်က နမ့်လန်းကျေးရွာအုပ်စု ကွင်းအမှတ်၂၇/က၌ ကောက်စိုက်နည်း ပညာပေးသင်တန်းကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်မန်နေဂျာ ဦးယဉ်ထွန်းက တစ်ဧက သတ်မှတ်ကောက်ကွက်ပြည့်မီရေး လက်တွေ့သရုပ်ပြရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

စစ်ဆေး

ဇွန်၄ရက်က ဥက္ကံမြို့ ဥက္ကံရွာမကျေးရွာ၌ ဆောက်လုပ်လျက်ရှိသည့် အိမ်ရာစီမံကိန်း ဆောက်လုပ်နေမှုအခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ဇူလိုင်၁ရက် ကျေးလက်ပြည်သူများသန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက် သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စက်ဖြင့်မရွှေးကျေးရွာ၌ စက်ရေတွင်းတူးဖော်ပေးကြစဉ်။(မြို့နယ်ပြန်/ဆက်)

လက်တွန်းထွန်စက်များ ဘားအံ၌ လွှဲပြောင်းပေးအပ်

ဘားအံ ဇူလိုင် ၃

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ချေးငွေစနစ်ဖြင့်ဝယ်ယူသော လှိုင်းဘွဲ့မြို့နယ် တောင်သူများအား လယ်ယာ-၁၆ လက်တွန်းထွန်စက်ရှစ်စီး လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန်၁၅ရက် နံနက်၁၀နာရီက ကရင်ပြည်နယ် ဘားအံမြို့စက်မှုလယ်ယာ ဦးစီးဌာန အမှတ် (၂၁)ထွန်စက်စခန်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထွန်း၊ အမှတ် (၂၀) ထွန်စက်စခန်းမှူး ဦးစီးအရာရှိ ဦးတင်နိုင်ထွဋ်၊ လှိုင်းဘွဲ့မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးအောင်တင်နှင့် တောင်သူများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

တောင်ငူမြို့နယ်စည်ပင်သာယာရေး အ ဖွဲ့ မှ တာ ဝန် ယူ ဆောင်ရွက်လျက်ရှိသော ချောင်းဖြူချောင်း ကျေးလက်ဆက်သွယ်ရေး တံတားတည်ဆောက်ခြင်း လုပ်ငန်းကို ဇူလိုင် ၅ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိ ဦးကိုကိုနိုင် နှင့် လက် ထောက် အင်ဂျင် နီယာ ဦးဇော်မင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စပါးမျိုးသန့်စိုက်ပျိုးနည်းသရုပ်ပြပွဲ စလင်းမြို့နယ်၌ကျင်းပ

စလင်း ဇူလိုင် ၅

မကွေးတိုင်း မင်းဘူးခရိုင် စလင်းမြို့နယ်တွင် တောင်သူလယ်သမားများ ကိုယ်တိုင် စပါးမျိုးသန့် စိုက်ပျိုးခြင်းနည်းပညာပေးဆွေးနွေးပွဲနှင့် သရုပ်ပြပွဲကို တောစိမ့်စိုက်ပျိုးရေးပညာပေးစခန်း၌ ဇွန် ၂၈ရက်က ကျင်းပသည်။

အဆိုပါပညာရပ်ဆွေးနွေးပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်းနှင့်မင်းဘူးခရိုင်မန်နေဂျာဦးမြင့်စိုးတို့က မိတ်ဆက် အမှာစကားပြောကြားကာ ဒေါက်တာထွန်းဝင်းက နည်းပညာရပ်ဆိုင်ရာများကို ဆွေးနွေးပြီး စပါးခေါင်နှံရွေးခြင်းနှင့် ပျိုးထောင်ခြင်းလုပ်ငန်းများကို လက်တွေ့သရုပ်ပြပေးကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျေးလက် သတင်း နှင့် မြင်ကွင်း

သာယာလှပရေး

ချင်းပြည်နယ် ကျီးခါးမြို့ သာယာလှပရေးအတွက် လမ်းဘေးဝဲယာ ပန်းအလှပင်များ စိုက်ပျိုးခြင်းကို ကျီးခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသိန်းနှင့် ဝန်ထမ်းများ ဇွန်၁၅ရက်က ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်းမြို့အလယ်တောရွာ၌ ရေရရှိရေးဆောင်ရွက်

မိုးညှင်း ဇွန် ၁၅

၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ကျေးလက်ရေပေးရေး (၁၀)နှစ်စီမံကိန်းအရ ဇွန် ၂ရက်က နန်းမားကျေးရွာအုပ်စု အလယ်တောကျေးရွာကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ကွင်းဆင်းစစ်ဆေးရာ အဆိုပါ စက်ရေတွင်းမှာ ရေထွက်နှုန်းတစ်နာရီ ဂါလန်၁၂၀၀ ထွက်ရှိကြောင်း သိရသည်။**(ယာပုံ)** **(မြို့နယ်စည်ပင်)**

ပန်းအလှပင် ဇန်းမော်၌စိုက်ပျိုး

ဇန်းမော် ဇူလိုင် ၅

ဇန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် ဝန်ထမ်းများ ပေါက်ကုန်းရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဇန်းမော်-မန်စီလမ်းဘေးဝဲယာ၌ ဇူလိုင် ၁ရက်က စိန်တံချူ၊ နွယ်သာကီ၊ ခရာဝါနှင့် စိန်ပန်းပုများ စိုက်ပျိုးခြင်းနှင့် ပန်းအလှပင် ၅၀၀ စိုက်ပျိုးခြင်းကို ဇန်းမော်ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး လှသောင်း ကြည့်ရှု၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် မွန်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ကြသည့် မော်လမြိုင်မြို့နယ် မျိုးဆက်ပွား ကျန်းမာရေးစီမံချက် မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဆင်းပွဲကို ဇွန် ၂၀ ရက်က မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သင်တန်းခန်းမတွင် ကျင်းပရာ မွန်ပြည်နယ်မိခင်နှင့်ကလေး ကြီးကြပ်မှု ကော်မတီနာယက ဒေါ်သန်းသန်းနွဲ့က သင်တန်းဆင်း အမှာစကား ပြောကြားစဉ်။ (၁၆၈)

တောင်ကြီးမြို့နယ် ရေအေးကွင်းရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးပြုလုပ်သည့် အင်္ဂမအကြိမ်မြောက် ရပ်ကွက်အတွင်းရှိ ပညာသင်ယူလျက်ရှိသော ချို့တဲ့ကလေးများအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန်၂၇ရက်က ရပ်ကွက်ခန်းမ၌ ပြုလုပ်ရာ ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြိုင်နှင့်အဖွဲ့က ကျောင်းသူကျောင်းသား ၇၃ဦးတို့အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)



ဇွန် ၅ ရက်က ကျောက်တန်းမြို့နယ် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အဓိကရေထွက်ပေါက်ဖြစ်သည့် လမ်းမတော်လမ်းကျောက်စီရေမြောင်း တူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာဦးသန်းမင်းဆွေတို့ လုပ်ငန်းများ ပြီးစီးနိုင်ရန် ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (က-ပ)

မြို့လှအထက်တန်းကျောင်းခွဲဖွင့်၊ ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်း

ရမည်းသင်း ဇူလိုင် ၂

ရမည်းသင်းမြို့နယ် မြို့လှကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲဖွင့်ပွဲ၊ ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၁၇ရက်က အဆိုပါ ကျောင်းဆောင်ရှေ့တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ဆိုင်းဘုတ်ကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဘိုနီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

လက်ခံရယူ

ထို့နောက် သိန်း ၁၀၀တန် နှစ်ထပ် ကျောင်းဆောင်သစ်အား ကျောင်းအကျိုးတော်ဆောင် ဦးကျော်မော်က ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးအောင်ရွှေက လက်ခံရယူသည်။

(က-ပ)

ဇီးကုန်းမြို့၌ စီမံကိန်းသစ်ပင်စိုက်ပျိုး

ဇီးကုန်း ဇူလိုင် ၁၃

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၉ရက်က ဇီးကုန်းမြို့ အရှေ့ဘက်ခြမ်း ဘော်ဘင်ကျေးရွာအုပ်စု အောင်စိုးမိုးကျေးရွာတွင် ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါသစ်ပင်စိုက်ပွဲသို့ သာယာဝတီခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌဦးအောင်တင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူ ၂၅၀ကျော်တို့သည် သစ်တောဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးစောကျော်မြတို့က သစ်တောဝန်ထမ်းများနှင့်အတူ ရတနာတန်းဝင် ကျွန်းပင် ၃၀၀၀နှင့် သစ်ဆိမ့်ပင် ၁၀၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

စိုက်ပျိုးမည်

အဆိုပါ သာယာဝတီခရိုင်တွင် ၂၀၀၄ခုနှစ်၌ သစ်ဆိမ့်ပင် တစ်သိန်းခွဲ၊ ကျွန်းနှင့် အခြားအပင်တစ်သိန်းခွဲတို့ကို ပဲခူးရိုးမတောင်ခြေတွင် စိုက်ပျိုးမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မကွေးမြို့ ကမ်းနားလမ်းရှိ ကျောက် သားဥယျာဉ်တွင် ဇွန် ၂၅ရက်က မကွေးမြို့နယ် စည်ပင်သာယာရေး အမှုဆောင် အရာရှိ ဦးဇော်ဝင်းနှင့် ဝန်ထမ်းများ ကျောက်သားဥယျာဉ် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းရေးလုပ် ငန်း များ စုပေါင်းဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

လက်ခံရယူ

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့နယ် ရပ်ကွက်ပြည်သူ အမျိုးသမီးများနှင့် ဝန်ထမ်းအမျိုးသမီးများ အဆိုပြိုင်ပွဲပြုလုပ်မှာများကို ဇူလိုင် ၃ ရက်က ဆက်သွယ်ရေး ဝန်ထမ်းများကိုယ်စားပေးအပ်ရာ မြို့နယ်အမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌ ဒေါ်လှကြည်က လက်ခံယူစဉ်။
(၁၃၄)

အမြို့မြို့ အနယ်နယ် သတင်းများ

အမျိုးသမီးများနေ့ဂုဏ်ပြု ဓနုဖြူ၌ သစ်ပင်စိုက်ပျိုး

ဓနုဖြူ ဇူလိုင် ၁၀

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်၃ရက်က ဓနုဖြူမြို့နယ် စံကင်း-ကလော့သော့လမ်းဘေးဝဲယာတစ်လျှောက်ပြုလုပ်ရာ မြို့နယ်အတွင်းရေးမှူး ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ စံကင်းတိုက်နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး နှင့်ရပ်ကွက်ဥက္ကဋ္ဌများ၊ သစ်တောဦးစီးမှူး ဦးကိုကိုထွန်းတို့ဦးဆောင်၍ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစု၊ အမျိုးသမီးရေးရာအဖွဲ့ဝင် အင်အားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ စုပေါင်း၍ သစ်ဆိမ့်ပင် ၇၅၀နှင့် မဟော်ဂနီပင် ၇၅၀တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ) (၀၈၅)**

အမှိုက်များရှင်းလင်း

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နှင့် ဝန်ထမ်းများ ဇွန် ၁၁ ရက်က ရေစကြိုမြို့တွင် ရေစီးရေလာ ကောင်းမွန်ရေးနှင့် ရေမြောင်းများရှိအမှိုက်များ ရှင်းလင်းခြင်းကို မိုးဟိန်းလမ်းတွင် ဆောင်ရွက်ကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကွတ်ခိုင်မြို့ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ကွင်းဆင်း တိုင်းတာမှုကို တာဝန်ခံ အင်ဂျင်နီယာ ဦး သန်းထွန်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးခင်မောင်ဌေးတို့ ဇွန် ၄ရက်က ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမှတ် (၄၇) ရွှေဘုံသာလမ်း ပန်းဘဲတန်း မြို့နယ် ရန်ကုန်မြို့နေ မအေးမဉ္ဇူ အသက်(၁၇)နှစ် မြောက်မွေးနေ့ အထိမ်း အမှတ် အဖြစ် အလှူငွေကျပ်တစ်သိန်း ကိုဗြဟ္မာဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿန လမ်း (၁၆/၂) ရပ်ကွက်သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဘဏ္ဍာရေးမှူးဒေါ်ဥမ္မာစိုးနှင့်ပြန်ကြားရေးအဖွဲ့ ခေါင်းဆောင် ဒေါ်သန်းမြင့်အောင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

တောင်သာမြို့ အိတ်ချိန်းရုံးရှိ မြေလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျောက်ချောလမ်းအဖြစ် အရှည် ပေ၆၈၀နှင့် အကျယ် ၁၂ ပေကို ဇွန်၁၇ရက်က မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးကြင်အေး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ချိုချို လုပ်ငန်းပြီးစီးမှုကို ရှင်းလင်းပြသစဉ်။ (၂၁၂)

ဇူလိုင် ၃ရက်က ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ လမ်းဘေးပလက်ဖောင်းတုံးဖြင့် အလှဆင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးအောင်ကျော်စိုးတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

လှိုင်သာယာမြို့နယ် အထက(၁)ကျောင်း၌ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ သစ်ပင်စိုက်ပျိုးကြစဉ်။ (က–ပ)

အမည်ပြောင်း အထက(၆)မော်လမြိုင် ဦးသိန်းထွန်း၏သား ဒသမတန်း (F)မှ မောင်မျိုးပိုင်ထွန်းအား မောင်မျိုးပိုင်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။
မောင်မျိုးပိုင်ဟိန်း။

အမွေပြတ်ကြော်ငြာခြင်း

လှိုင်ကော်မြို့ ဓမ္မာရုံရပ်ကွက် ခ–၃(ဃ)ပဒေသာလမ်းနေ ကျွန်တော် ဦးလွန်းဖေ ၂/လကန (နိုင်)၀၁၀၂၁၂ ၏ သား ဦးဖေနွဲ့ ၂/လကန(နိုင်)၀၁၀၂၁၆ သည် ကျွန်တော်၏ ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိသည့်အတွက် ယနေ့မှစ၍ အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးလွန်းဖေ
၂/လကန(နိုင်)၀၁၀၂၁၂
ခ–၃(ဃ)၊ ပဒေသာလမ်း၊
လှိုင်ကော်မြို့၊ ကယားပြည်နယ်။

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
(ဂီတစာဆို) မောင်ကြေးမုံ

(ဝိဇ္ဇာညွန့်)နဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန(အငြိမ်းစား)–ဒေါ်သောင်းသောင်းတို့၏ ချစ်လှစွာသော သားသမက်၊(ဂီတစာဆို) မောင်ကြေးမုံသည် မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၄–၇–၂၀၀၄ ရက်တွင် တစ်လပြည့်ခဲ့ပြီဖြစ်သော်လည်း ချစ်ဇနီးထားသဉ္ဇာနှင့် ထပ်တူထပ်မျှ နှမြောတသသ လွမ်းဆွတ်သတိရလျက်ရှိပါသည်။ သားအတွက် ပြုသမျှကုသိုလ်ဒါနအစုစုတို့ကို အမျှပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ကျန်ရစ်သူမိသားစု။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ခန့်ထားရန်)

၁။ ကြီးကြပ်ရေးမှူး (ဘွဲ့ရ) ကျား (၂)ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထား၊ ရပ်ကွက်ထောက်ခံစာတို့ကို အောက်ပါလိပ်စာအတိုင်း ပေးပို့ရမည်။ နယ်မှဖြစ်ရမည်။

လိပ်စာ – အမှတ် (၅၁၉/ ၅၂၀)၊ အဓိပတိလမ်းသွယ်(၁)၊ စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့။ ဖုန်း– ၇၀၆၅၃၃။

ပေါင်းလောင်းအသင်း (ရန်ကုန်)
ဘုရား၊တန်ဆောင်း၊ကျောင်း၊သိမ်၊ရဟန်း ဒါယိကာမကြီး
ဒေါ်တင်မြ ဒုံဇရစ် (ရွှေကျင်)
အသက် (၉၁)နှစ်

ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန် (၁)၊ ခြံအမှတ် (၂၉) ဦးရွှေဘင်လမ်းနေ (ဦးသာမြိုင်–ဒေါ်နှင်းမေ) တို့၏သမီးကြီး၊ (ဦးသိန်းဖေ)၏ ဇနီး၊ လှိုင်မြို့နယ် (၁၆)ရပ်ကွက် ပါရမီလမ်းနေ ဦးအုန်းကျင်–(ဒေါ်စောငွေ)၊ ဦးကျော်သိန်း–ဒေါ်စန်းရီတို့၏အစ်မကြီး၊ မကွေးတိုင်း မင်းလှမြို့နယ် မလွန်စက်မှုမြို့နေ (ဦးသန်းအောင်)–ဒေါ်သိန်းမြင့်၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ရွာနေ ဦးသန်းရှိန် –ဒေါ်မှုံ၊ ရွှေပြည်သာမြို့နေ ဦးရဲညွန့်–ဒေါ်ခင်စန်းနွယ်၊ လှိုင်သာယာစက်မှုဇုန်နေ ဦးတင်ထွန်း– ဒေါ်အေးမြင့်၊ လှိုင်မြို့နယ် အေးရိပ်မွန်အိမ်ရာနေ ဦးထွန်းလွင်–ဒေါ်ခင်ထွေးရီတို့၏ မိခင်ကြီး မြေး၊ မြစ် ၅၀တို့၏ ဘွားဘွားကြီးသည် ၁၂–၇–၂၀၀၄ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂–၇–၂၀၀၄ရက်၌ ထိန်ပင်သုသာန်တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈–၇–၂၀၀၄ရက်တွင် လှိုင်သာယာစက်မှုဇုန် (၁)၊ ခြံအမှတ် ၂၉၊ ဦးရွှေဘင်လမ်းနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ကြပါရန် ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးပွားမောင် အသက်(၅၈)နှစ်

ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လ/ထ အင်ဂျင်နီယာ(လျှပ်စစ်)ဦးပွားမောင်သည် ၁၁–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။ **အင်ဂျင်နီယာမှူးကြီးနှင့် ပြည်သူ့ဆောက်လုပ်ရေးဝန်ထမ်းများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။**

လွမ်းဆွတ်သတိရခြင်း
ဦးမျိုးညွန့်
ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံး

မိသားစုအပေါ်တွင် တာဝန်ကျေပွန်လှတဲ့ 'ပါပါ' မိသားစုကိုခွဲခွာသွားသည်မှာ ၁၄–၇–၂၀၀၄ ရက်တွင် ငါးနှစ်တိတိပြည့်ခဲ့ပါပြီ။ မိသားစုမှ အချိန်တိုင်းကြေကွဲတမ်းတလျက် ရှိပါသည်။ ပါပါ့အတွက် ရည်မှန်းပြုလုပ်သောကုသိုလ်ကောင်းမှုအားလုံးကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ပါပါရေ– အမျှ အမျှ အမျှ

ချစ်ဇနီးဒေါ်မြင့်မြင့်အေးနှင့်သားသမီး၊မြေးတစ်စု။

ဝမ်းနည်းကြေကွဲခြင်း

တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဒေါက်တာကြည်ဦး–ဒေါက်တာခင်မာရှိန် တို့၏ဖခင် ဦးလှကြည် (အငြိမ်းစားရဲမှူးကြီး) ၇–၇–၂၀၀၄ရက်က ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ကေတု–အထူးကုဆေးခန်းမိသားစု
တောင်ငူမြို့။

အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်း

မကွေးမြို့ မစိုးရိမ်ရပ်ကွက်နေ ဒေါ်ခင်မျိုးတင့်၏သားဖြစ်သူ မောင်ထိန်လင်း(ခ) အောင်အောင် (MTLA–၀၅၆၄၄၂)သည် မိခင်ဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့် ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝ တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်မျိုးတင့် AD–၀၃၆၅၂၇။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ထူးသက်
ပူဇော်ခံပုဂ္ဂိုလ်
အသင်းဝင်အမှတ်(၁၇၀)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊တောင်လုံးပြန်ရပ်ကွက်၊ ခန်းမဆောင်လမ်း၊ အမှတ်၁၄နေ (ဦးလှဖေ)–ဒေါ်မြသန်း(အသင်းဝင် အမှတ်–၉၉၀) တို့၏မိခင် ဒေါ်ထူးသက်သည် ၁၀–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၂–၇–၂၀၀၄ ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
မြင်းခြံခရိုင်တရားရုံးတော်
၂၀၀၄ ခုနှစ် တရားမကြီးအမှု အမှတ် ၆၉

ဦးခင်ဇော် နှင့် ၁။ ဦးသောင်းရွှေ
၂။ ဒေါ်ခင်လှ
၃။ ကိုအောင်ကျော်မြင့်

တရားလို **တရားပြိုင်များ**

တရားပြိုင် ကိုအောင်ကျော်မြင့် ကိုင်း(တောင်)ကျေးရွာ၊ ထနောင်တိုင်းကျေးရွာအုပ်စု၊ မြင်းခြံမြို့နယ် (ယခုနေရပ်လိပ်စာမသိ)နေသူ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်ဇော်က ဆေးလိပ်ဖိုးကျန်ငွေ ကျပ် ၅၀၄၃၅၀ နှင့်ပတ်သက်၍ ပေးဆပ်ရန် ပျက်ကွက်ခဲ့သဖြင့် တရားလိုက လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ(သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့ (၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ ရက်)နေ့ မွန်းမတည့်မီ နံနက် ၁၀း၀၀ နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။

၎င်းအပြင် သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးမူ
ခရိုင်တရားသူကြီး၊ မြင်းခြံခရိုင်တရားရုံး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈/၇၂၀၇ မော်တော်ယာဉ် လက်ဝယ်ရှိသူသည် မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း ကညန၊ပြည်နယ်ရုံး (လားရှိုး)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ရန်။

ကညန၊ပြည်နယ်ရုံး(လားရှိုး)။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၈၄၂၂ ဆိုင်ကယ်လက်ဝယ်ရှိသူက မှတ်ပုံတင်မိတ္တူ (ကမ-၃) လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်း ကညန၊ ရှေ့တန်းရုံး(တာချီလိတ်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရှေ့တန်းရုံး(တာချီလိတ်)။

ဒဿနိကဗေဒမိသားစု အာစရိယပူဇော်ပွဲနှင့် ပဒေသာပင်စိုက်ထူပွဲအတွက် အစည်းအဝေးဖိတ်ကြားခြင်း

ဒဿနိကဗေဒအဓိကဖြင့် ဘွဲ့ရသော ကျောင်းသူ၊ ကျောင်းသားဟောင်းများ(နေ့ကျောင်းသူ ကျောင်းသားများ၊ ယခင် စာပေးစာယူ ယခု အဝေးသင်တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ၊ လုပ်သားကောလိပ်/ ညနေပိုင်း သင်တန်းကျောင်းသူ ကျောင်းသားများ)အားလုံး ဒဿနိကဗေဒမိသားစု အာစရိယပူဇော်ပွဲနှင့် ပဒေသာပင်စိုက်ထူပွဲအတွက် ညှိနှိုင်းဆွေးနွေးရန် ၇-၈-၂၀၀၄ ရက် စနေနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန စာကြည့်တိုက်ခန်းမသို့ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဒဿနိကဗေဒမိသားစု အာစရိယပူဇော်ပွဲနှင့်
ပဒေသာပင်စိုက်ထူပွဲ
ဖြစ်မြောက်ရေးကော်မတီ။

မဝင်းဝင်းအေး – မဝင်းဝင်းထွေးတို့အတွက်

မွေးနေ့ဆုတောင်း

၁၄-၇-၂၀၀၄ရက် ဇူလိုင်လတွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပြီး ဖေဖေ၊ မေမေတို့ရဲ့လုံခြုံနွေးထွေးတဲ့ ချစ်ခြင်းမေတ္တာရိပ်အောက်မှာ ပျော်ရွှင်ချမ်းမြေ့စွာ ခိုလှုံနိုင်ပါစေ။

ချစ်သော
ဖေဖေ–မေမေ – ဦးညွှန့်လွင်(ဒုထောင်ပိုင်၊ငြိမ်း)–ဒေါ်အုံးကြည်
အစ်မ – ဒုအရာခံဗိုလ် (ဦးကြည်ဝင်း)–ဒေါ်ခင်နှင်းဝေ
– ဒေါ်ဝါဝါလွင်
အစ်ကို – ဦးကိုကိုနိုင်–ဒေါ်ခင်မို့မို့
– ကိုကိုလှိုင်
– ကိုသိန်းကျော်ဝင်း
ချစ်သော – တူ၊တူမများ။







နှစ်နှစ်ပြည့်အလွမ်း

မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ဖေသန်း

ကွယ်လွန်ခဲ့သည်မှာ ၁၄-၇-၂၀၀၄ရက်တွင် နှစ်နှစ်တင်းတင်း ပြည့်ခဲ့ပါပြီ။ အဖေကြီးအတွက် ရည်မှန်း၍ နေ့စဉ်၊လစဉ် ပြုခဲ့သမျှကုသိုလ်ကောင်းမှုအစုစုနှင့်တကွ ၁၄ ရက်နေ့တွင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ချောင်၌ သံဃာတော်အပါး ၁၀၀ကျော်တို့အား ဆွမ်းကပ်လှူရသော ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါ၏။ အမျှရ၍ သာဓုခေါ်ဆိုနိုင်ပြီး မြင့်မြတ်သော ဘဝများသို့ တက်လှမ်းနိုင်ပါစေ အဖေကြီး ...

ချစ်ဇနီး
တင်မြတ်မွန်။

မအေးမြင့်မြတ်မောင်

(ဆဋ္ဌမတန်း၊ ရန်ကင်း၊ TTC)

အသက်(၁၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၈၅၀၊ ဗြဟ္မစိုရ်လမ်း၊ (၄)ရပ်ကွက်နေ ဦးဘအုန်း–ဒေါ်စောမြိုင်၊ မန္တလေးမြို့နေ (ဦးစံတင်)–ဒေါ်အုံးကြည်တို့၏မြေး၊ ဗိုလ်မှူးကြီးဝင်းမောင်–ဒေါ်မြင့်မြင့်ကြည်တို့၏ ချစ်လှစွာသောသမီးထွေး၊ ဦးသန်းကြည်–ဒေါ်နုနုစိန်၊ ဦးဆန်းအောင်–ဒေါ်စန်းစန်းနွယ်၊ ဦးကိုကြီး–ဒေါ်အုံးကြင်၊ ဒေါ်ခင်ဝင်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးမောင်မောင်လေး၊ ဒေါ်အေးအေးမြင့်၊ ဒေါ်အေးအေးသိန်းတို့၏တူမ၊ မောင်ရဲသူရဝင်း၊ မမေမြင့်မြတ်မောင်(အထက–၂၊ ဗဟန်း)တို့၏ချစ်လှစွာသောညီမ မအေးမြင့်မြတ်မောင်သည် ၁၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တောင်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) **ကျန်ရစ်သူမိသားစု။**

ကိုစိုးနိုင်ဦး

(နတ်မြောင်း)

အသက် (၃၅) နှစ်

စစ်ကိုင်းတိုင်း ကလေးမြို့နယ် နတ်မြောင်းရွာနေ (ဦးဘသိန်း–ဒေါ်စိန်တင်)၏ သားထွေး၊ နတ်ချောင်းရွာနေ ဦးစိုးလှိုင်–ဒေါ်မိအဲတို့၏ သားသမက်၊ မအေးညို၏ ခင်ပွန်း၊ မသိဂီ်ထက်၏ ဖခင်၊ နတ်ချောင်းရွာနေ ဒေါ်ခင်ငွေး၊ ဦးမောင်မောင်–ဒေါ်စန်းစန်းငွေး၊ ရန်ကုန်မြို့နေ ဦးအောင်မင်း–ဒေါ်ကြည်ကြည်ဝင်း၊ နတ်မြောင်းရွာနေ ဦးစိုးလွင်ဦး–ဒေါ်ဖြူဖြူဝင်း တို့၏ ညီ/မောင်ငယ်၊ နတ်မြောင်းရွာနေ မဆွေဆွေလှိုင်၏ အစ်ကို ကိုစိုးနိုင်ဦးသည် ၁၁-၇-၂၀၀၄ ရက်(တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
သုဓမ္မမဏိဇောတဓရ ဦးထွန်းဝ
တောင်ကြီး-တောစခန်းသာ မဟာစည်ရိပ်သာနာယကကြီး
(သန်းသန်းဆေးလိပ်၊ တောင်ကြီး)
အသက်(၉၁)နှစ်

တောင်ကြီးမြို့၊ အမှတ် ၂၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ (ဦးဘိုးကျော်-ဒေါ်ဖွားမေ)တို့၏သား၊ (ဒေါ်အေးပု)၏ခင်ပွန်း၊ ဦးသန်းညွန့်-ဒေါ်မြကြည် (တောင်ကြီး)၊ ဦးလှမျိုး-ဒေါ်သန်းသန်းမြင့်(ရှမ်းရိုးမပုံနှိပ်တိုက်)၊ ပါမောက္ခ Dr. ဦးစိုးညွန့်-Dr. ဒေါ်အေးအေးသန့်၊ ဦးအောင်မင်း-ဒေါ်မြင့်မြင့်ကြည်(ခေတ္တ-Bangkok)၊ ဦးဖေဝင်း-ဒေါ်လှလှထွေး(သန်းသန်းဆေးလိပ်၊ တောင်ကြီး)၊ Dr. ဦးသိန်းထွန်း(U.S.A)၊ ဦးငွေးဝင်း(ရှုဝံမိုတယ်၊ တောင်ကြီး)၊ ဦးမြင့်အောင်-ဒေါ်စည်စည်ထွေး(Royal Marine Engineering Co., Ltd.)တို့၏ဖခင်၊ ပါမောက္ခ Dr. ဒေါ်ခင်စန်းရီ (စီးပွားရေးတက္ကသိုလ်)၊ ဦးကျော်စိုး-ဒေါ်အေးအေးသန်း(ခေတ္တ-U.S.A)၊ ဦးဇော်ဝင်းညွန့်-ဒေါ်ခိုင်ညွန့်ဝေ(ခိုင်သဇင်ပုံနှိပ်တိုက်)၊ Dr. ဒေါ်ဝင်းမာ၊ ဒေါ်ဥမ္မာညွန့်၊ ဦးဝင်းနိုင်-ဒေါ်ချိုချို၊ ဦးကျော်ကျော်-ဒေါ်ပိုက်ပိုက်အေး၊ ကိုထွန်းကျော်စိုး-မမြင့်မြင့်စိုး၊ ကိုမိုးထွန်းကျော်-Dr. လဲ့လဲ့မျိုး၊ Dr. နေခြည်သွယ်မင်း၊ Dr. နွယ်နွယ်စိုး၊ မအိစံပယ်မင်း၊ မသက်သက်စိုး၊ မထက်ထက်မျိုးဝင်း၊ ကိုထွန်းဇေယျာဝင်း(ခေတ္တ-U.S.A)၊ မမြတ်မွန်ထွေး၊ မောင်ကောင်းသက်ထွန်း၊ မအိအိမြင့်အောင်တို့၏အဘိုး၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၃-၇-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၀၀း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၂၅၊ ရှမ်းရိပ်သာလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဒေါ်ကြင်ပြုံး (ကွမ်းခြံကုန်း)
အသက်(၉၇)နှစ်

၃-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်ပြုံး နာမကျန်းဖြစ်စဉ်က အထူးဂရုစိုက် ပြုစုကုသစောင့်ရှောက်ပေးခဲ့ကြသော နှလုံးအထူးကုသမားတော်ကြီးနှင့် SSC (ရွှေဂုံတိုင်)မှ တာဝန်ကျဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ နာရေးနှင့်ဈာပနကိစ္စများတွင် အဘက်ဘက်မှလိုလေသေးမရှိအောင် ဖေးမကူညီပေးခဲ့ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အထူးသဖြင့် ကွမ်းခြံကုန်းမြို့နယ် အသင်း ဂုဏ်ထူးဆောင်နာယက စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးအားလည်းကောင်း၊ နာယကများ၊ အမှုဆောင်များနှင့် အသင်းသူ အသင်းသားများ၊ ကွမ်းခြံကုန်းမြို့မှ မြို့မိ မြို့ဖများနှင့်မိတ်ဆွေသင်္ဂဟများ၊ ညွှန်ကြားရေးမှူး(ကကပြည်)နှင့် ဇနီးအားလည်းကောင်း၊ ရန်ကုန်တက္ကသိုလ်စိတ်ပညာမိသားစု ရောင်းရင်းများ၊ City FM ဌာနမှူးနှင့်မိသားစု၊ ဈာပနကိစ္စများတွင် အထူးကူညီခဲ့ကြသော စွမ်းအင်ဝန်ကြီးဌာန MPPE မှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများအားလည်းကောင်း၊ MPPA ပုံနှိပ်အသင်း၊ တရုတ်ဗုဒ္ဓဘာသာအသင်းများဖြစ်ကြသော ကျူးလျောင်တောင်ဘုရားကျောင်း၊ ကျန့်တိတ်ဘုရားကျောင်း၊ အိတ်တိတ်ဘုရားကျောင်း၊ ဂင်းဂွမ်ဘုရားကျောင်း၊ IBPC စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာ-တရုတ်ကုန်သည်ကြီးများအသင်း အမှုဆောင်များ၊ ဟွာရှောက်အသင်း၊ ရဲ့ယီအနုပညာအသင်းများမှ အမှုဆောင်နှင့် အသင်းသားတို့အားလည်းကောင်း၊ မေတ္တာဖြင့်ကူညီသူ ဓာတ်ပုံအကိုင်းအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ခြင်းဖြင့်လည်းကောင်း၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်း၊ ကြေးနန်းတို့ဖြင့်နှစ်သိမ့်အားပေးခြင်းဖြင့်လည်းကောင်း၊ ပန်းခြင်း၊ ပန်းခွေများ ပေးပို့ခြင်းဖြင့်လည်းကောင်း၊ အားပေးကူညီကြသော လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီအဖွဲ့အစည်းများအားလည်းကောင်း အားလုံးကို ကျန်ရစ်သူမိသားစုက အထူးအမှတ်တရရှိနေပြီးရင်မှဖြစ်သောမေတ္တာများဖြင့် လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
အဘွား ဒေါ်သန်းစိန် (B.A, D.T°၊ စစ်ကိုင်း)
အငြိမ်းစားကျောင်းအုပ်ဆရာမကြီး
အသက်(၉၀)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်၊ ဒေါ်ခင်အေးကြည်၊ စောင့်ရှောက်ရေးအဖွဲ့ဝင် ဗိုလ်မှူးခင်မောင်သွင်(ငြိမ်း)၊ ဒေါ်ချိုချိုအေးတို့၏မိခင်ကြီးသည် ၁၁-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမှုဖြစ်ရပါကြောင်း။

ဘိုးဘွားများ၊စောင့်ရှောက်ရေး၊အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ဝန်ထမ်းများ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ။

လူပျောက်ကြော်ငြာ

မသူဇာလွင်(ခ)အလွင် အသက်(၁၆)နှစ်သည် ၂၁-၅-၂၀၀၄ရက် ညနေ ၅ နာရီခန့်တွင် အမှိုက်ပစ်သွားရာမှ ပျောက်ဆုံးသွားပါသည်။ သွေးဆောင်ဖြားယောင်းလက်ခံထားပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း။ တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။

ဖုန်း - ၅၂၅၂၃၁။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၈၆၆၉ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊တိုင်း(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊(ရန်ကုန်တိုင်း)။**

ဖတ်ကြည့်ဖို့တော့လိုလိမ့်မယ်...တချို့ကနီးနီးလေးပေမယ့် မသိကြဘူး

ကမ္ဘာလှည့် **တင်တင်ခိုန်** ၏

ပြောပြစမ်းချင် ထိုင်းလင်းတစ်ခွင်

စာမူဖြန့်ချိခွင့် ၄၆/၂၀၀၄ (၇) **ထွက်ပြီ**

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည်ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေ နှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်းသိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဒေါ်သိန်းခင်
အသက်(၈၈)နှစ်

ကွယ်လွန်သူ အငြိမ်းစားအတွင်းဝန် (ကျန်းမာရေးဝန်ကြီးဌာန) ဦးထွန်းသောင်း၏ဇနီး၊ ဒေါက်တာမင်းသိန်းသောင်း-ဒေါက်တာခင်နွယ်ဝင်း၊ ခင်မေသောင်း-ဒေါက်တာထွန်းဟန်၊ ခင်ချိုသောင်း-Ben၊ (မင်းမောင်မောင်သောင်း)၊ ခင်စန်းသောင်း-Willie၊ ဒေါက်တာခင်လွင်သောင်း-Brad တို့၏ မိခင်၊ (ဦးထွန်းအောင်)၊ (ဦးထွန်းကျော်)၊ ဒေါ်လှခင်တို့၏ညီမ၊ ဦးကျော်ထွန်း၏အစ်မသည် ၁၁-၆-၂၀၀၄ရက်တွင် အမေရိကန်ပြည်ထောင်စု မေရီလင်းပြည်နယ် ဘော်(လ်)တီမိုမြို့၌ ကွယ်လွန်သွားပါ၍ အဆိုပါမြို့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးမောင်ဦး (ငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး၊ခရိုင်ဦးစီးဌာနမှူး(လဝက)
အသက်(၅၀)

တောင်ငူမြို့၊(၁)ရပ်ကွက်၊ထီးလှိုင်လမ်းနေ ဒေါ်ခင်ပြုံးမြင့်(M.W၊ ငြိမ်း)၏ခင်ပွန်း ဗိုလ်ကြီးမောင်ဦး(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူးသည် ၁၁-၇-၂၀၀၄ရက် နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးမောင်မောင်ဝင်း (ငြိမ်း) O.T.S(၄၃)

ဗိုလ်ကြီးမောင်မောင်ဝင်း(ငြိမ်း)သည် ၉-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲပါကြောင်း။

သင်တန်းဆင်းသူငယ်ချင်းများ။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ချစ်စီ
(မော်ကွန်းဝင်တတိယဆင့်)
သူနာပြုအုပ်၊ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီး(ငြိမ်း)
အသက်(၈၅)နှစ်

အမှတ် ၅/က၊ သီရိမာလာလမ်း၊ (ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ (Rev;O.B ဇက်ကီး-ဒေါ်အေးရင်)တို့၏သမီး၊ (ဗိုလ်မှူးဒေါ်ခင်စီ)၏ညီမ၊ (ဦးမိုး)၊ (ဒေါ်ထွေးစီ)၊ (ဦးညွန့်)တို့၏အစ်မ၊ ကိုပြည့်စုံအောင်-မခင်သစ္စာတို့၏မိခင်၊ တူ တူမ ၁၄ ယောက်တို့၏အဒေါ်၊ မြေး ၃၆ ယောက်တို့၏အဘွားသည် ၁၂-၇-၂၀၀၄ရက် နံနက် ၁၂း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၄-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့နယ်၊အလံပြဘုရားလမ်း၊ မသဒစ်အင်္ဂလိပ်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ မွန်းလွဲ ၂ နာရီတွင် ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Nu Hau Ngaih Niang
အသက်(၈၅)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဒိန်ဇံရွာ (Pa Hau Za Do)၏ဇနီး၊ Nu Ciang Khan Ciin၊ Nu Nuam Go Zam၊ Nu Ning Lam Cing၊ Nu Cing Khan Man၊ Rev.Lian Khan Kap၊ Nu Lian Khan Dim၊ (Pa Khup Go Mang)၊ Nu Cin Za Niang၊ Nu Ciin Go Vung တို့၏ မိခင်သည် ၃၀-၅-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၁-၅-၂၀၀၄ ရက်တွင် ဒိန်ဇံရွာ၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကျိုက်လတ်မြို့နယ်အသင်း
ဒေါ်ဝင်း (သက်ကြီးအပူဇော်ခံ)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၁၅ လမ်း၊ အမှတ် ၄၇၁/က နေ (ဦးမြမောင်)၏ ဇနီး (ရာသက်ပန်အသင်းဝင်) ဒေါ်ဝင်းသည် ၁၂-၇-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၄-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ကျေးဇူးတင်ရှိခြင်း

၆-၇-၂၀၀၄ရက်တွင်ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ခင်မော်(တွဲဖက်ပါမောက္ခ၊ငြိမ်း၊ အင်္ဂလိပ်စာဌာန၊ ယခင် ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်) နာမကျန်းဖြစ်စဉ်က ပြုစုကုသ စောင့်ရှောက်ပေးကြသော YMC ဆေးခန်းမှ ဆရာဝန်ကြီးနှင့်အိမ်သို့လာရောက်ကုသပေးသော ဆရာဝန်၊ ဆရာမများနှင့် သူနာပြု ဆရာမများ၊ ဝန်ထမ်းများ၊ ကျူရှင်ဆံ ILBC မှ M.D, Director, Teacher Betty နှင့်ဆရာ ဆရာမများ၊ ရုံးဝန်ထမ်းမိတ်ဆွေများ၊ စစ်တက္ကသိုလ် တေဇ(၂)မှတပည့်များ၊အင်္ဂလိပ်စာဌာနမှ ဆရာ ဆရာမများ၊ ရပ်ဝေးရပ်နီးမှ မေတ္တာဖြင့်စောင့်ရှောက်ကြသော တပည့်များ၊ မိတ်ဆွေများ၊ ဆွေမျိုးများ၊ တယ်လီဖုန်းဖြင့် နာရေးသတင်းမေးကြသူများ၊ ဈာပနကို ဦးဆောင်လုပ်ကိုင်ပေးကြသူများနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ရင်မေ (အေလာ)
ဗဟိုစာရင်းအင်းအဖွဲ့(ငြိမ်း)
အသက်(၇၀)

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ တိုက် ၆၅၊ အခန်း ၆ နေ (ဦးစိန်ဘန်း-ဒေါ်အုံးမေ)တို့၏ သမီး၊ (ဦးမဲ့-ဒေါ်အေးကြွေ)တို့၏သမီးချွေးမ၊ ဦးစိုးသိန်း(မျက်ခြယ်ဗီဒီယို)၏ဇနီး၊ ဒေါ်အေးကျော်(ရေကြောင်းပို့ဆောင်ရေး)၏အစ်မ၊ ဦးဟန်ထွန်းညွန့်-ဒေါ်ဥမ္မာကျော်၊ ဒေါ်မြသွေး၊ ဦးချမ်းအေး-ဒေါ်အေးအေးသန့်၊ဦးရဲဝင်း-ဒေါ်ခင်ငြိမ်း၊မယဉ်ယဉ်စိုးတို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၁၁-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၅း၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်မြ (သန်လျင်)
ဦးစီးအရာရှိ(ငြိမ်း)
ပြည်တွင်းအခွန်များဦးစီးဌာန
ကျောက်တံတားမြို့နယ်
ယစ်မျိုးဝန်ထမ်းဟောင်း
အသက်(၆၈)နှစ်

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ ဈေးချိုလမ်း၊ အမှတ် ၁၀ နေ(ဦးစီ-ဒေါ်လှခင်)တို့၏သမီး၊ (ဒေါ်မြစိန်)၏တူမ၊ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ဘုန်းကြီးလမ်းနေ (ယစ်မျိုးအရာရှိ ဦးဖိုးဝန်-ဒေါ်စိန်ခင်)တို့၏သမီးချွေးမ၊ရန်ကုန်တိုင်း၊သန်လျင်မြို့နေ ဦးကျော်လှ-ဒေါ်စိန်ကြည်၊ ဦးလှရွှေ-ဒေါ်ကြင်အေးတို့၏ညီမ၊ (ဦးမြဟန်၊ ဦးစီးအရာရှိ၊ပြည်တွင်းအခွန်များဦးစီးဌာန၊ငြိမ်း)၏ဇနီး၊ ဦးသန်းအောင်(Wan Hai Line)-ဒေါ်စန်းစန်းမြင့်၊ ဒေါ်မြင့်မြင့်ကြည်၊ ဦးမြင့်သူ-ဒေါ်ခင်စိုးရှိန်၊ ဦးဇော်မင်းဟန်-ဒေါ်ဝင်းမို့မို့အေးတို့၏ မိခင်၊ မောင်ပြည့်ဖြိုးကျော်၊ မောင်မျိုးမင်းဟန်၊ မခိုင်ခိုင်ထွန်းတို့၏အဘွားသည် ၁၂-၇-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ဗိုလ်ချုပ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးအက်(စ်)ကေဒတ္တား(ခ)
ဦးစုကူမားဒတ္တား (နန်တူး)
A.G.T.I (Civil)
လက်ထောက်အင်ဂျင်နီယာ(ငြိမ်း)
ဆောက်လုပ်ရေးဝန်ကြီးဌာန
အသက်(၆၈)နှစ်

မြစ်ကြီးနားမြို့နေ (ဦးဂျေဘီဒတ္တား-ဒေါ်ကာလိုရှိုးရှီဒတ္တား)တို့၏သားထွေး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ အမှတ် ၄၈၊ ၉၂ လမ်းနေ ဒေါ်အူရှားဒတ္တား၏ခင်ပွန်း၊ ကိုတီကေဒတ္တား-မဥမ္မာဝင်း၊ ကိုကေကေဒတ္တား၊ မရာခီးဒတ္တား(ခ)မနီနီလွင်တို့၏ဖခင်သည် ၁၃-၇-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ဟိန္ဒူရိုးရာဓလေ့ထုံးစံအရ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊
တန်ဆောင်းဒါယကာကြီး
ဦးသိန်း (တိုက်ကြီးမြို့)
အသက်(၁၀၀)

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့၊ ဈေးရပ်ကွက်၊အနောက်မြို့ပတ်လမ်း၊အမှတ် ၁၂၀ နေ (ဒေါ်စောကြည်)၏ ခင်ပွန်း၊ ဦးစန်းမောင် - (ဒေါ်သန်းစိန်)တို့၏ ဦးလေး၊ ဦးအောင်မြင့်-(ဒေါ်တင်အုန်း)၊ ဦးထွန်းရီ-ဒေါ်အေးလှိုင်၊ ဦးကြည်အုန်း-ဒေါ်အေးစန်းတို့၏ဖခင်၊ မြေး ၁၁ ယောက်၊ မြစ် ၁၁ ယောက်တို့၏အဘိုးသည် ၁၁-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅-၇-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ဦးထွန်းရီ-ဒေါ်အေးလှိုင် နေအိမ်မှ တိုက်ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)
ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊
တန်ဆောင်းဒါယကာကြီး
အသင်းနာယက ဦးသိန်း
အပူဇော်ခံအဘိုး
အသက်(၁၀၀)

တိုက်ကြီးမြို့၊ ဈေးရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အမှတ် ၁၂၀နေ အသင်းဝင်အမှတ်(၇၁/၁၂၂) အသင်းနာယက အပူဇော်ခံ အဘိုးဦးသိန်းသည် ၁၁-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၀၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် တိုက်ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။)

အမှုဆောင်အဖွဲ့။

ဒေါ်ကျင်မေ (ဆကာကြီး)
အသက်(၇၁)နှစ်

(ဦးဘသိန်း-ဒေါ်ပုကြီး)တို့၏သမီး၊ ဒေါ်မြလွင်၏ညီမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ယုဇနဥယျာဉ်မြို့တော်၊ တိုက် ၂၂၊ အခန်း ၁၀၁၊ ၂ လမ်း B.Block နေ ဦးလှမြိုင်(သ/မ ဦးစီးဌာန၊ ပဲခူး၊ငြိမ်း)၏ဇနီး၊ ဦးရဲနောင်-ဒေါ်သက်နှင်း(ပဲခူး)၊ ဦးစစ်နောင်-ဒေါ်အေးအေးခိုင်(ဥညာ)၊ ဦးရဲအောင်-ဒေါ်သီသီအေး၊ ဦးတင့်လွင်-ဒေါ်အေးအေးသီ(ပဲခူး)၊ဦးနိုင်နိုင်ဦး-ဒေါ်သန်းသန်းအိ၊ ကိုကျော်သူအောင်တို့၏မိခင်၊ မြေး ၁၃ ယောက်တို့၏အဘွားသည် ၁၃-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၀၄ရက် ညနေ ၅ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးထွန်းမြင့်
ယန္တရားမောင်း-၃၊(ငြိမ်း)
(မိတ္ထီလာမြို့)
အသက်(၆၃)နှစ်

မိတ္ထီလာမြို့၊ စက်မှု(၂)၊ ဝန်ဇင်း(၂) ရေဆင်းကွက်သစ်၊ ၁၀ လမ်းနေ ဒေါ်ဆယ်တင်၏ခင်ပွန်း ဦးထွန်းမြင့် ရာသက်ပန် အသင်းဝင်အမှတ်(၁၀၉၅)သည် ၁၂-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃-၇-၂၀၀၄ရက်တွင် ပြင်တော်ကန်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

တပ်ကြပ်ကြီး/စာရေး
တိုးနိုင်ဝင်း
B.A (Myanmar)
(ကာကွယ်ရေးဝန်ကြီးဌာန)
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် ၂၉/၉၉၄၊ အောင်မေတ္တာလမ်းနေ ဦးမောင်ဦး-(ဒေါ်စန်းနု)တို့၏သား၊ ဦးတင်လှ-ဒေါ်အေးသန်းတို့၏ သားသမက်၊ အရာခံဗိုလ်စိုးမြိုင်-ဒေါ်ချိုချိုဦး၊ ဦးအေးကို-ဒေါ်မာမာဦး (ဗဟိုဆေး)၊ (ဦးအောင်မြင့်) - ဒေါ်ခင်စန်းဝင်း၊ ဦးထွန်းဦး-ဒေါ်မြတ်မြတ်သွင်(အမက-၁၈၊ မ/ဥက္ကလာ)တို့၏ညီ/မောင်၊ မချိုချိုသက်၏ခင်ပွန်း၊ မောင်ကျော်ဇေယျ၊ မတင်တင်ထိုက်၊ မောင်သန့်ဇင်အောင်၊ မနှင်းသဇင်ဦးတို့၏ဦးလေးသည် ၁၃-၇-၂၀၀၄ရက် နံနက် ၀၄း၁၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးအအေးတိုက်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်ခင်တင့် (ကျောက်တန်း)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အလုံလမ်း၊ အမှတ် ၁၆၇/၁၆၉ (တ/လွှာ)နေ (ဦးဘစိုး-ဒေါ်စိန်မေ)တို့၏သမီး၊ (ဦးဘအောင်-ဒေါ်ရှု)တို့၏သမီးချွေးမ၊ (ဦးမြမောင်)၏ဇနီး၊ ဦးလှအေး-ဒေါ်လှလှတို့၏အစ်မ၊ ဦးညိုထွဋ် (တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်အေးမြိုင်၊ ဦးအုန်းသိန်း (သ/မဦးစီး)-ဒေါ်ခင်မာမာ(ခင်ငြိမ်းအိစာပေ)၊ ဦးစန်းမြင့်(ရေလုပ်ငန်း၊ ငြိမ်း)-ဒေါ်စန်းစန်းမြင့်၊ ဦးရဲမြင့်(မြဝတီပုံနှိပ်တိုက်)-ဒေါ်ဝင်းဝင်းမြင့်၊ ဦးစိုးဝင်း(လ/ထ ဆိပ်ကမ်းမှူး၊ငြိမ်း)-ဒေါ်ညွန့်ညွန့်ဝင်း၊ ဦးမှတ်စိန်(3/E)-(ဒေါ်မြမြဝင်း)၊ ဒေါ်သန်းသန်းဝင်း၊ (ဦးတင်သန်း၊ မြန်မာ့မီးရထား၊ ငြိမ်း)-ဒေါ်ပြုံးပြုံးဝင်း၊ ဦးဇော်မြင့်(တတိုင်းမွှေးဂျာနယ်)-ဒေါ်ခင်မြင့်ကြူ၊ ဦးကျော်ကျော် (စက်မှု-၁)-ဒေါ်နီနီဝင်း(စက်မှု-၁)တို့၏မိခင်၊ မြေး ၃၁ယောက်တို့၏အဘွားသည် ၁၃-၇-၂၀၀၄ရက် နံနက် ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အလုံလမ်း နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ထွန်းခိုင်
လ/ထ စက်ရုံမှူး(ငြိမ်း)
အုတ်ကျင်း ဂုန်နီစက်ရုံ
(စစ်တွေမြို့)
အသက်(၈၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၁၁၄၊ အခန်း ၁ နေ (ဦးစံကျော်-ဒေါ်ကြာဖံဖြူ)တို့၏သား၊ (ဦးလှဘော်-ဒေါ်မနု)တို့၏သားသမက်၊ ဒေါ်အုံးမေ၏ခင်ပွန်း၊ (ဦးစံဦးခိုင်)၊ (ဒေါ်စောမြမေ)တို့၏ညီ/မောင်၊(ဦးထွန်းအောင်ကျော်)၊ ဒေါ်မြမေ၊ (ဒေါ်စောပု)၊ ဦးစံအောင်တို့၏အစ်ကို၊ ဒေါ်မာမာခိုင်(အလက-၅၊ ရန်ကင်း)၊ ဒေါ်မိမိခိုင်(ဝါ/ပိုး ရုံးချုပ်)၊ ဒေါ်စုစုခိုင်(ဂုန်လျှော်ရုံးချုပ်)တို့၏ဖခင်သည် ၁၃-၇-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်ညွန့် (ဝါးခယ်မ)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်(တောင်)ရပ်ကွက်၊ ၄ဝါလမ်း၊ အမှတ် ၅၃ နေ (ဒေါ်စန်းမြင့်)၏ခင်ပွန်း၊ ဦးအေးကျော်၊ ဦးတင်လတ်-ဒေါ်မိုးမိုးလှိုင်၊ ဦးစိုးမြင့်-ဒေါ်လှလှမြင့်၊ ဦးမြင့်ကြူ (Gunkul Engineering Supply Co., Ltd & Fresh Air Conditioning) - ဒေါ်မြင့်မြင့်သန်း (ဆက်သွယ်ရေး၊ ငွေစာရင်း)၊ ဒေါ်သန်းသန်းဆင့် - ဦးမြင့်ထွန်းသန်း(ခ)ဦးတယ်ရီ၊ ဒေါ်ဝင်းဝင်းငွေ - ဦးခင်မောင်ထွေး၊ ကိုထင်ကျော်-မစန်းစန်းအေး၊ ကိုညီညီလွင်-မလီဇာတို့၏ဖခင်၊မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၂-၇-၂၀၀၄ရက်တွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၄-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်ထွန်း (တောင်ကုတ်)
အသက်(၄၁)နှစ်

တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်၊ ဂူတာကျောင်းရှေ့လမ်း၊ အမှတ် ၃၃၀နေ (ဦးအေးထွန်းကြီး) - ဒေါ်လှတင်တို့၏သား၊ မာန်အောင်မြို့၊ ဇရပ်ကုန်းခင်ရွာနေ ဦးကျန်လူ-(ဒေါ်မဲကြည်)တို့၏ သားသမက်၊ ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ မောင်ရန်နိုင်ထွန်း၊ မမဥ္ဇူသန့်၊ မောင်ရန်လင်းထွန်းတို့၏ဖခင်၊ ဦးညီညီ- ဒေါ်တင်တင်၊ ဦးကျော်သိန်း-ဒေါ်သောင်းသောင်း၊ မမြင့်မြင့်တင်၊ ဦးမြသိန်း-ဒေါ်မြင့်မြင့်ရီတို့၏မောင်၊ မထွေးထွေးရီ၊ (ကိုတင်ဝင်းအောင်) - မဝါဝါရီတို့၏အစ်ကိုသည် ၁၂-၇-၂၀၀၄ရက် ညနေ ၅ နာရီတွင် တောင်ကုတ်မြို့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၄-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင် တောင်ကုတ်မြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်းဒါယကာကြီး
ဦးကျော်ထွေး(ခ)ချန်စီသိုင်း
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက် ၃၊ အခန်း ၁၀၁၊ လှိုင်သီရိအိမ်ရာနေ (ဦးချန်ဟုန်ရင်-ဒေါ်ဟိုစိန်ခို)တို့၏သား၊ မြိတ်မြို့နေ (ဦးဟုန်ကျင်း)-ဒေါ်ဟန်ငွတ်မွဲတို့၏သားသမက်၊ ဒေါ်ဝင်းရှု၏ခင်ပွန်း၊ ဦးကျော်ဝင်း-ဒေါ်နွေးတွဲ၊ (ဦးကျော်ဝါ)-ဒေါ်ခင်၊ ဦးကျော်မြင့်-ဒေါ်ထွေးတို့၏ညီ၊ ဦးကျော်သောင်း-(ဒေါ်လော်ငုတ်ကွဲ)၊ ဒေါ်ကျန်ကင်ကြည်-(ဦးဟန်ကျန်ယု)၊ ဒေါ်အေးညွန့် - ဦးစိတ်ကောင်း၊ ဒေါ်ကျန်ကင်အွဲ-(ဦးဝေါင်ဖီကျုံ)တို့၏အစ်ကို၊ မောင်အေးကျော်၊ မောင်သန်းမြင့်၊မောင်သိန်းမြင့်၊မောင်မိုးကျော်ဟိန်းတို့၏ဖခင်သည် ၁၃-၇-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး(ABCU)၌ ကွယ်လွန်သွားပါ၍ ၁၅-၇-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးကွမ်တုံတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ကျော်ညီရဲ
Music Sky K.T.V
(Asia Plaza Hotel)
အသက်(၃၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၉၅(လေးလွှာ)၊ ၃၉ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်နေ ဦးညွန့်မောင်(ကျန်းမာရေးမှူး)-ဒေါ်အေးမြင့်တို့၏သား၊ တောင်ဥက္ကလာမြို့နယ်၊(၁၀)ရပ်ကွက်၊ ၁ လမ်း၊ အမှတ် ၄၇ နေ ဦးဝင်းကျော်(CH သင်္ဘောကုမ္ပဏီ) - ဒေါ်အေးအေးမာတို့၏သားသမက်၊ ဦးဖေခင်၊ ဒေါ်ချိုချို၊ ဦးကိုကိုကြီး-ဒေါ်မြမြသိန်း၊ ဒေါ်ခင်ဆန်းဦး၊ ဦးဆန်းဝင်း-ဒေါ်ခင်ဆန်းထွေးတို့၏တူ၊ ဦးကျော်မျိုးမြတ်-ဒေါ်လတ်လတ်(Relax)တို့၏မောင်၊ မဝင့်ဝါဝါမျိုး၏ခင်ပွန်းသည် ၁၃-၇-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၀၄ ရက်(ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Emily Fam Tha Hlawn
မအေမလီဖမ်ထလှော
စတုတ္ထတန်း(ဂ)
အမက(၁၇)၊မရမ်းကုန်း
အသက်(၁၀)နှစ်

အမှတ် ၉၈၀၊ ကျမ်းစာသင်ကျောင်းလမ်း၊ ကြို့ကုန်းအရှေ့၊ အင်းစိန်မြို့နေ Pu Salai Htauk-Pi Ngun Di (Eden Handicap Service Center)တို့၏သမီး၊ Pa Ram Len Sang အထက(၂)မရမ်းကုန်း၏ညီမ၊ ဟားခါးမြို့၊ ဆတ္တားလမ်းနေ Pu Tluang Hnin - (Pi Thluai Ngum)၊ (Pu Cung Ling)-Pi Renh Zi၊ Pi Cuai Cin - (Pu Hrang Cung)တို့၏မြေး၊ Pu Hrangtar Nawnkhar-Pi June Shwe Gaung၊ Pu Siang Cung-Pi Siang Zi၊ Pu Kio Cung-Pi Iang Zing၊ Pu Biak Hmun Thang-Pi Ohnmar Thein°၊ Pi Eng Sui(အထက-၃၊အင်းစိန်)-Pu Van Biak Lian T.C.L, Pi Aye Tin-Rev. Ceu Tum မြောက်ချောကုန်း နှစ်ခြင်းအသင်းတော်၊ Pi Hlei Sung-U Maung Maung Soe၊ Pi Hram Hniang-Pu Hmung Khar၊ Pi Biak Sung - Pu Thawng Hei၊ Leng Ci Hliang, M.Div.III M.I.T, Pu Than Peng-Pi Mang Bawr၊ Pi Sung Ruang(ဒု-ဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-Pu Hmung Luai, Pi Sui Cia-Pu Zung Ceu, Pastor Sui Meng-U Naw E°၊ Pu UK Lian Thang-Pi Par Hluan၊ Pi Za Iang-Pu Nek Cin၊ Leng Dawt Men Zing တို့၏တူမသည် ရန်ကုန်မြို့ ကလေးဆေးရုံကြီး၌ ၁၂-၇-၂၀၀၄ရက် ည ၁၀း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၄-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှလည်းကောင်း၊ လှိုင်သီရိ၊ LBC Center၊ MIT၊ မြောက်ဒဂုံ၊ မန္တလေးမှတ်တိုင်များမှလည်းကောင်း မွန်းလွဲ ၂ နာရီတွင် ကားများထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတည်ဆောက်ရေး အလှူငွေပေးအပ်ပွဲ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ကြည်ညို၊ မဟာဗောဓိပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ဝိဇယဘူမိမဟာအောင်မြေ မင်္ဂလာကုန်းတော်ပြင်၌ တည်ထားကိုးကွယ်မည့် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် စတုတ္ထအကြိမ် အလှူငွေပေးအပ်ပွဲနှင့် မဟာဗောဓိပင်စိုက်ပျိုးပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၆ နာရီခွဲတွင် အဆိုပါ စေတီတော်အနီးရှိ ရန်တိုင်းအောင်ဓမ္မာရုံ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ကြည်ညို၍ မဟာဗောဓိပင်ကို စိုက်ပျိုးပူဇော်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ဝိဇယဘူမိ မဟာအောင်မြေ မင်္ဂလာကုန်းတော်ပြင်တွင် တည်ထားကိုးကွယ်မည့် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် ပုံစံငယ်ကို တွေ့ရစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ဝိဇယဘူမိမဟာအောင်မြေ မင်္ဂလာကုန်းတော်ပြင်တွင် တည်ထားကိုးကွယ်မည့် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်တည်ဆောက်ရေး အလှူတော်ငွေများပေးအပ်ပွဲတွင် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ငှက်မွေးဖြင့်ပြုလုပ်သော ဂေါက်သီးလုံး

ဇူလိုင် ၁၂ ရက်က စကော့တလန်နိုင်ငံ အီဒင်ဘာ့ဂ် မြို့တွင် ပြုလုပ်သော လေလံတင်ပွဲတစ်ခု၌ ငှက်မွေး ဖြင့် ပြုလုပ်ထားသည့် ၁၇၉၀ ပြည့်နှစ်မှ ဂေါက်သီးလုံးကို မှန်ဘီလူးဖြင့် ချဲ့လျက် တွေ့မြင်ရပုံဖြစ်သည်။ **(အောက်ပုံ)**

ယင်းဂေါက်သီးလုံးကို စိန့်အင်ဒရူးဂေါက်ကလပ်၏ အစောဆုံးအဖွဲ့ဝင်တစ်ဦးဖြစ်သော အယ်လန်ရောဘတ်ဆင်၏ ဖခင်ဖြစ်သူ ဒဗလျူရောဘတ်ဆင်က ပြုလုပ်ခဲ့ခြင်း



ဒိုင်နိုဆော၏ ခြေလက်အင်္ဂါ

ကမ္ဘာပေါ်တွင် တစ်ချိန်က ဒိုင်နိုဆောသတ္တဝါကြီးများ ကျက်စားခဲ့ကြသည်မှာ ယုံမှားသံသယရှိစရာမလိုကြောင်း ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များက တူးဖော်တွေ့ခဲ့ကြသော ဒိုင်နိုဆောသတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းအရိုးစုများက သက်သေခံလျက်ရှိသည်။

(အပေါ်ပုံ) မှာ စပိန်နိုင်ငံ တာရူအယ်၌ မကြာမီက ဖွင့်လှစ်လိုက်သော ဒိုင်နိုပိုလစ်အမည်ရှိ ဒိုင်နိုဆောဥယျာဉ်မှ ဓာတ်ခွဲခန်းတစ်ခုတွင် တွေ့ရသည့် ၅ပေ X ၉ပေရှိ ဒိုင်နိုဆော သတ္တဝါ၏ခြေလက်အင်္ဂါကို တွေ့ရပုံဖြစ်သည်။

(ဓာတ်ပုံ-အင်တာနက်)

မျိုးစေ့ကြဲပက်

ဒေသခံတောင်သူလယ်သမားများ ကြဲပက်ထားသော ဆင်းရွှေလီစပ်မျိုးစပါး မျိုးစေ့များကို သဘာဝမြေဩဇာများ ဖုံးအုပ်ပေးနေစဉ်။
(ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခွင် ဒေသဝမ်းစာဖူလုံရေးကြိုးပမ်း ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း

ကွင်းဆင်းရေးသားသူ-ခရမ်းစိုးမြင့်၊ ဓာတ်ပုံမှတ်တမ်းတင်-မိုးမြင့်လှိုင်

ရန်ကုန် ဇူလိုင် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဒေသဝမ်းစာဖူလုံရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကာလတို ငါးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ၁၀၀၀ဒသမ ၈၃ ဧကခိုင်နှုန်းအထိ ဖူလုံလာစေရန် ဆင်းရွှေလီ အထူးအထွက်တိုး

စာမျက်နှာ ၁၂ ကော်လံ ၁ ■

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် ဖိုင်ကျောင်း ကျေးရွာအုပ်စုတွင် အထူးအထွက်တိုး ဆင်းရွှေလီစပ်မျိုးစပါးခင်းကြီးကို ဤသို့ အားရဖွယ်မြင်တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်)